KHRG

ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

(၂၀၂၁ ခုနှစ်၊ စက်တေဘာလ) (၁၆) ကြိမ်မြောက်ထုတ်ဝေသော KHRG သတင်းလွှာ

# ကရင်လူ့အခွင့်အရေးအဖွဲ့၏ မျှော်မှန်းချက်

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် အနာဂတ်တွင် မြန်မာပြည်မှတိုင်းရင်းသားနှင့် ပြည်သူလူထုများအားလုံး တရားမျှတမှုနှင့် တန်းတူအခွင့်အရေးများအပြည့်အဝရရှိစေရန် မျှော်မှန်းချက်အခိုင်အမာထားရှိထားပါသည်။

## လုပ်ဆောင်ချက်

ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)သည် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်း လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကို မှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကို ပြန်လည်တောင်းဆိုခြင်း၊ တုန့်ပြန်ကာကွယ်ခြင်း စသည့်နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ရွာသားများ၏အသံ၊ အမြင်သဘောထားနှင့် အဓိကတောင်းဆိုမှုများကို ဆုံးဖြတ်ချက်ချနိုင်သောသြဇာအာဏာရှိသူများအားလွှမ်းမိုးနိုင်ရန် ရွာသားများ၏လုပ်ဆောင်နိုင်စွမ်းနှင့် ၎င်းတို့၏လူ့အခွင့်အရေးများတောင်းဆိုရာတွင် အခွင့်အလမ်းပိုမိုရရှိလာစေရန် ရည်ရွယ်ပါသည်။ ထိုနည်းအတူ ပြည်တွင်းပြည်ပအဖွဲ့အစည်းများကိုလည်း ရွာသားများ၏ မိမိကိုယ်ကိုကာကွယ်သည့်နည်းလမ်းများအား ဝိုင်းဝန်းပံ့ပိုးပေးရန် တိုက်တွန်းလှုံ့ဆော်ပါသည်။

## နောက်ခံသမိုင်း အကျဉ်းချုပ်

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင့်လူ့အခွင့်အရေးအဖွဲ့သည် လွတ်လပ်သောမလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်း လူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကိုမှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့် အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကိုပြန်လည်တောင်းဆိုခြင်း၊ တုံ့ပြန်ကာကွယ်ခြင်း စသည့်နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ထို့အပြင် ရရှိသည့်သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကို ကာကွယ်လျှက်ရှိသည့်ရွာသားများ၏ နည်းဗျူဟာများအား ပိုမိုကောင်းမွန်လာစေရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများ လုပ်ခြင်းဖြင့် မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းလျှက်ရှိနေပါသည်။

## ဗကားချီ

ဝမ်းမြောက်ခြင်းများစွာဖြင့် ၁၆ ကြိမ်မြောက်သတင်းလွှာကို KHRG မှတစ်ဖန် ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသတင်း လွှာကို တစ်နှစ်တွင်နှစ်ကြိမ်ထုတ်ဝေပါသည်။ ဤနှစ်အတွင်း ပထမမြောက်ထုတ်ဝေမည့်သတင်းလွှာကို ဇန်နဝါရီလ ၂၀၂၁ ခုနှစ် မှ ဇူလ ၂၀၂၁ ထိ KHRG မှလက်ခံရရှိခဲ့သည့်သတင်းအချက်အလက်များနှင့် ၎င်းမတိုင်မီအချိန်မှ သတင်းဖြစ်ရပ်များလည်း ထည့်သွင်းရေးသားထားပါသည်။

ဤ KHRG သတင်းလွှာတွင်ပါရှိသောအချက်အလက်များကို ကရင်ပြည်နယ်၏ခရိုင်(၇)အတွင်း၌ ရယူ၍ ရေးသားတင် ဆက်ထားပါသည်။ ဤသတင်းလွှာထဲမှ လူ့အခွင့်အရေးချိုးဖောက်မှုပြဿနာတစ်ခုချင်းစီသည် ခရိုင်အားလုံးတွင်ဖြစ်ပွားခဲ့ပြီး အချို့နေရာတွင် ချိုးဖောက်မှုပုံစံတူညီမှုရှိကြပြီး အချို့တွင်ကွဲပြားမှုများရှိနေသည်ကို စာဖတ်သူများအနေဖြင့်သိရှိနိုင်မည်ဖြစ်သည်။

ဤဖော်ပြပါသတင်းစာစောင်ထဲ၌ ကိုရိုနာရောဂါအကြောင်းအရာ၊ စစ်တပ်အာဏာသိမ်းခြင်းနှင့် ၎င်းတို့၏လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လိင်ပိုင်းဆိုင် ရာအကြမ်းဖက်မှုများ၊ လက်နက်ကိုင်တစ်ဦးမှ အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ မြေမြှုပ်မိုင်းပြဿနာများနှင့် အ တင်းအဓမ္မအလုပ်ခိုင်းစေခြင်း၊ စသည့် အကြောင်းအရာများပါဝင်ပါသည်။

ဤသတင်းလွှာအတွင်း ရွာသားများ၏အသံများအား ဖော်ပြရာတွင် ၎င်းတို့၏လုံခြုံရေးအတွက် ၎င်းတို့၏နာမည်များနှင့် ရွာအမည်များအား မသိရှိရန် က...၊ ခ... နှင့် ဂ...ဖြင့် ရေးသားဖော်ပြထားခြင်းဖြစ်ပါသည်။

ဤသတင်းလွှာအား မြန်မာပြည်အရှေ့တောင်ပိုင်းဒေသ အတွင်းဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စာဖတ်သူများမှသိရှိနားလည်ပြီး ရွာသားများရင်ဆိုင်ကြုံတွေ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ၎င်းတို့၏ခံစားချက်များကို စာဖတ်သူများအနေဖြင့်ရှုမြင်ခံစားနိုင်မည်ဟု KHRG မှ ယုံကြည်ပါ သည်။

# ကိုဗစ် – ၁၉ ရောဂါအခြေအနေများနှင့် ထိခိုက်မှုများ

မြန်မာတစ်နိုင်ငံလုံးတွင် ကိုဗစ်-၁၉ရောဂါ ကူးစက်ပျံ့ပွားမှုဒုတိယအကြိမ် ဖြစ်ပွားနေသောအချိန်ဖြစ်ပြီး၊ ဤအကြိမ်တွင်ဒေသခံကျေးရွာဒေသများအထိပါ ရောဂါကူးစက်ပျံ့ပွားမှုရောက်ရှိခဲ့သည်ဟု ဒေသခံများမှပြောပြခဲ့သည်။ ထို့ကြောင့်ဒေသခံအာဏာပိုင်များမှ ရောဂါပျံ့ပွားမှုနှုန်းကို ကာကွယ်ရန်အသွားအလာအား ပိုမိုတင်းကြပ်ခဲ့သည့်အတွက် ဒေသခံရွာသူရွာသားများမှ ၎င်းတို့၏စားဝတ်နေရေးအတွက် သွားလာလုပ်ကိုင်ရန် အခက်ခဲများနှင့် ကြုံတွေ့ခဲ့ကြရသည်။ ထို့ပြင် ဒေသခံများမှ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန် စိန်ခေါ်မှုများနှင့်လည်း ကြုံတွေ့ခဲ့ရသည်။

## ကာကွယ်ခြင်းနှင့်အသိပညာပေးခြင်း

ကိုရိုနာကပ်ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ဒေသခံအဖွဲ့အစည်းများနှင့် NGOs အဖွဲ့အစည်းများမှ အသိပညာပေးသင်တန်းများ ဆောင်ရွက်လျက်ရှိသည်။ အဖွဲ့အစည်းအချို့မှကပ်ရောဂါကာကွယ်တားဆီးရေး ပညာပေးသင်တန်းများဆောင်ရွက်ခြင်းနှင့် လိုအပ်သည့်ရောဂါကာကွယ်တားဆီးရေးပစ္စည်းနှင့် စားနပ်ရိက္ခာများထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့သည်။ အချို့အဖွဲ့အစည်းများမှာမူ ကပ်ရောဂါကာကွယ်တားဆီးရေး ပညာပေးသင်တန်းဝန်ဆောင်မှုများ မလုပ်ဆောင်သော်လည်း လိုအပ်သည့်ကပ်ရောဂါကာကွယ်တားဆီးရေးပစ္စည်းများကို ကူညီဆောင်ရွက်ခြင်းများလည်း ဆောင်ရွက်နေသည်။ ကရင့်လူ့အခွင့်အရေး၏ သိရှိချက်အရ ကေအဲန်ယူထိန်းချုပ်နယ်မြေအတွင်းခရိုင်(၇)ခုမှ ကပ်ရောဂါကာကွယ်တားဆီးရေးနှင့်ပညာပေးသင်တန်းဝန်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်သည့်ဒေသခံအဖွဲ့အစည်းများမှာ ကရင့်ပညာရေးနှင့်ယဉ်ကျေးမှုဌာန(KECD)၊ ကရင့်ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာန(KDHW)၊ ကရင်အမျိုးသမီးအဖွဲ့အစည်း(KWO)၊ ပြည်တွင်းကရင်ဒုက္ခသည်များဆိုင်ရာကော်မတီ(CIDKP)၊ နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့(BPHWT)၊ Medical Action Myanmar (MAM)၊ နှင့် Norwegian Refugee Council (NRC) စသည့်အဖွဲ့အစည်းများပါဝင်သည်။ ခရိုင်(၇)ခုအတွင်းမှကိုရိုနာကပ်ရောဂါ ကာကွယ်တားဆီးရေးအတွက် ကူညီထောက်ပံ့ပေးပြီး နာမည်ဖော်ပြခြင်းမရှိသည့်အဖွဲ့အစည်းအချို့လည်းပါဝင်ပါသည်။

ထိုအဖွဲ့အစည်းများသည် လိုအပ်သည့်ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သော ပညာပေးပိုစတာများ၊ လက်သန့်စင်ရေးပစ္စည်းများ၊ ဆပ်ပြာ၊ နှာခေါင်းစည်းများ၊ လက်ဆေးရေ(ဂျယ်)များနှင့် စားနပ်ရိက္ခာများဖြစ်သည့် ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ကြက်ဥ၊ သောက်ရေသန့်နှင့် ငွေကြေးထောက်ပံ့မှုအချို့ကို ဒေသခံရွာသားများအတွက် ကူညီထောက်ပံ့ပေးခဲ့သည်။ ဒေသခံများ၏တင်ပြချက်အရ ဤအဖွဲ့အစည်းများသည် အထောက်အပံ့ပစ္စည်းများကို အခြေနေဆိုးရွားသည့်ဒေသခံများကိုသာထောက်ပံ့ပေးခဲ့သော်လည်း အားလုံးအတွက်လုံလောက်မှုများမရှိခဲ့ပါ။

ကေအဲန်ယူအစိုးရနှင့် မြန်မာနိုင်ငံအစိုးရများမှ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို အဓိကဦးဆောင်ကွပ်ကဲကြသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဒေသခံခေါင်းဆောင်များနှင့်နိုင်ငံခေါင်းဆောင်များမှ ခရီးသွားလာခြင်းနှင့် လူစုလူဝေးများကိုကန့်သတ်ထားပြီး အများပြည်သူများအတွက် ကပ်ရောဂါပျံ့နှံ့မှုကာကွယ်တားဆီးရေးများကို ဆောင်ရွက်နေဆဲဖြစ်သည်။ ကျန်းမာရေးဌာနမှ လူစုလူဝေးများမပြုလုပ်ရန်ထုတ်ပြန်ကြေညာထားသည်။ သို့သော် ဒေသခံရွာသားများ၏တင်ပြချက်အရနိုင်ငံရေးပါတီများသည် ရောဂါကာကွယ်တားဆီးရေးစည်းမျဉ်းစည်းကမ်းများအား လိုက်နာခြင်းမရှိပဲ ကျေးရွာများသို့မဲဆွယ်မှုများပြုလုပ်ခဲ့သည်။ ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်ရှိဒေသခံပြည်သူများ၏တင်ပြချက်အရ "ကျွန်တော်တို့ကတော့ဘုရားရှိခိုးဖို့ လူစုလူဝေးလုပ်လို့မရဘူး။ ဒါပေမဲ့ နိုင်ငံရေးပါတီတွေကတော့ ဒေသခံရွာသူရွာသားတွေကို မဲလိုက်ဆွယ်တဲ့အချိန်ကျတော့ အများကြီးလျှောက်သွားကြတယ်၊ ပြီးတော့ကျေးရွာလူကြီးတွေက ရွာသူရွာသားအကုန်လုံးနီးပါးကို အစည်းဝေးသွားတက်ရောက်နားထောင်ခိုင်းတယ်။"

## ရွာသူရွာသားများအား ကိုဗစ်-၁၉ရောဂါကူးစက်ခြင်း

KHRG လှုပ်ရှားနယ်မြေအတွင်း ကိုဗစ်ရောဂါကူးစက်ခံရသူရှိသည်ဟု KHRG မှ သတင်းရရှိခဲ့သော်လည်း ၎င်းတို့မှတိကျသောသတင်းအချက်အလက်များမရရှိခဲ့ပါ။ ရောဂါကူးစက်မှုဖြစ်ပွားခဲ့ပြီးနောက် ခရီးသွားလာမှုကန့်သတ်မှုများမရှိသော်လည်း ဒေသခံရွာသူရွာသားများမှ နှာခေါင်းစည်းများအမြဲတပ်ရန်နှင့် လက်မကြာမကြာဆေးရန် စသည့်စည်းမျည်းများကို လိုက်နာဆောင်ရွက်နေပါသည်။ အချို့သောရွာများတွင် တစ်စုံတစ်ဦးမှရောဂါလက္ခဏာပြလာလျှင် ၎င်းတို့နှင့်ပတ်သက်ဆက်နွယ်ခဲ့သည့်မိသားစုဝင်များနှင့် ဆွေမျိုးများအား ရောဂါကာကွယ်ရေးဌာနသို့ပို့ဆောင်ခြင်း သို့မဟုတ် ၎င်းတို့အား (၁၄)ရက်ခန့်သီးခြားထားခြင်းများလုပ်ဆောင်ခဲ့ပြီး၊ အခြားသောရွာသူရွာသားများနှင့်ထိတွေ့ဆက်ဆံမှုမရှိစေရန် ထိန်းသိမ်းထားသည်။

ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ မယ်ပလယ်ကျေးရွာရှိရွာသားတစ်ဦးမှ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ကျေးရွာတာဝန်ရှိသူများမှ မယ်ပလယ်ရွာသူရွာသားများအား အခြားရွာများသို့သွားလာခြင်းနှင့် အခြားရွာသူရွာသားများမှ မယ်ပ

လယ်ရှာသို့လာရောက်ခြင်းကိုလည်း ခွင့်မပြုခဲ့ပေ။ထိုနည်းတူ အချို့သောဒေသများတွင် ရွာတစ်ရွာနှင့်တစ်ရွာအတွင်း သွားလာမှုများ ကန့်သတ်ထားခြင်းရှိခဲ့သော်လည်း ထိုစည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်မှုမရှိသည်ကို တွေ့ရှိခဲ့ပါသည်။

## ပညာရေးနှင့်ကျန်းမာရေးထိခိုက်နစ်နာမှု ပြဿနာများ

၂၀၂၀ ခုနှစ်၊ စက်တင်ဘာလမှစ၍ ကိုဗစ်ရောဂါကူးစက်ပျံ့နှံ့မှုများ ပိုမိုလျင်မြန်လာသည့်အတွက် ထိုအချိန်မှစပြီး မြန်မာအစိုးရကျောင်းများအား ရေရှည်ပိတ်ခဲ့ရကြောင်း KHRG မှထိုသတင်းအားရရှိခဲ့သည်။ ကျေးရွာဒေသရှိ KECD ကျောင်းအချို့မှ ရောဂါကာကွယ်ရေးလမ်းစဉ် စည်းမျဉ်းများကိုလိုက်နာကျင့်သုံးပြီး ဆက်လက်ဖွင့်ခဲ့သည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ မဲတခရဲ့ကျေးရွာအုပ်စု၊ ဖောနဲမူးကျေးရွာရှိ ဒေသခံတစ်ဦး၏ပြောပြချက်အရ "KECD ကျောင်းများကို ဆက်လက်ဖွင့်ခဲ့သော်လည်း ကျောင်းသူကျောင်းသားများနှင့် ဆရာဆရာမများအားလုံးမှ နှာခေါင်းစည်း(ပိတ်)များကိုတပ်ဆင်ရသည်။ ကျောင်းဝင်းတွင်းသို့မဝင်ခင် ၎င်းတို့ကိုယ်အပူချိန်ကိုတိုင်းတာရသည်။"

ကျောင်းမတက်ရသည့် ကျောင်းသူကျောင်းသားအချို့မှ ဥယျာဉ်ခြံများ သို့မဟုတ် လယ်ယာတောင်ယာရှိ၎င်းတို့မိဘများ၏ အလုပ်အကိုင်များအား ကူညီလုပ်ဆောင်သည်ဟု ဒူးသထူ၊ တောအူးနှင့် ဒူးပလာယာခရိုင်ရှိ ဒေသခံရွာသူရွာသားများမှ တင်ပြခဲ့သည်။ ကျောင်းမတက်ရသည့် ကျောင်းသူကျောင်းသားများ၏မိဘများမှ ၎င်းတို့၏သားသမီးများ ပညာရေးအတန်းများနောက်နေးပြီး၊ ပညာရေးကိုစိတ်မဝင်စားတော့မည်ကို စိုးရိမ်နေကြသည်။ အချို့မှာ ၎င်းတို့သားသမီးများအား နယ်စပ်သို့ပို့ဆောင်ခဲ့သော်လည်း ရောဂါကြောင့်စိုးရိမ်ပူပန်မှုများရှိခဲ့ပြီး အချို့မှာ အခြားနိုင်ငံတွင်အလုပ်သွားလုပ်ရာတွင်လည်း အခက်အခဲများစွာကြုံတွေ့ခဲ့ရပါသည်။ ကျောင်းဆရာ၊ ဆရာမအချို့မှ ကျောင်းမတက်ရသဖြင့် အခြားနည်းလမ်းများဖြင့် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းအတွက် ဖြေရှင်းလုပ်ကိုင်ကြသည်။ တောအူးခရိုင်၊ ဒေါ်ဖနိုမြို့နယ်၊ စီပင်ကလေးကျေးရွာရှိ ကျောင်းဆရာ၊ဆရာမများမှ အခြားအလုပ်အကိုင်များဖြစ်သည့် ဈေးအရောင်းအဝယ်၊ ရော်ဘာခြံ၊ ကွမ်းခြံနှင့် ဖာလာခြံများတွင် လုပ်ကိုင်ကြသည်။

ဒေသခံကျေးရွာအချို့တွင် ဆေးပေးခန်းများရှိသော်လည်း ပြင်းထန်သည့်ရောဂါဝေဒနာများအား မကုသနိုင်သည့်အတွက် ရွာသူရွာသားများမှ မြို့ရှိဆေးရုံများတွင် ဆေးကုသမှုအားသွားရောက်ခံယူရသည်။ သို့သော် ကိုရိုနာကပ်ရောဂါကြီးသည် နိုင်ငံတိုင်းလိုလိုတွင်ပျံ့ပွားနေမှုကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား နိုင်ငံခေါင်းဆောင်များမှ ၎င်းတို့၏လိုကနာရမည့်စည်းမျဉ်းစည်းကမ်းများရှိသလို ဤရောဂါအား ကာကွယ်တာဆီးနိုင်ရန် နိုင်ငံ၏ အခက်အခဲများရှိနေသောကြောင့် နယ်စပ်အားကျော်ဖြတ်သွားလာမှုကို ပိုပြီးကန့်သတ်ထားခြင်းဖြစ်သည်။

ရောဂါမဖြစ်ပေါ်မီ မြန်မာပြည်နှင့်ထိုင်းနိုင်ငံနယ်စပ်ဒေသတွင် နေထိုင်ကြသောရွာသားများမှ နယ်စပ်အားလွယ်ကူစွာကူးဖြတ်သွားလာနိုင်ကြခဲ့သော်လည်း ရောဂါပေါ်လာပြီးနောက်မှာ ရောဂါကူးစက်မှုနှင့်ပတ်သက်၍ ထိုင်းနိုင်ငံအစိုးရမှလည်း နယ်စပ်ကူးဖြတ်သွားလာရေးအား ပိုမိုတင်းကြပ်ကန့်သတ်လာပြီး သွားလာသူများအား တရားဝင်လမ်းကြောင့်ဖြင့်သွားလာရန် အသိအမှတ်ပြုမှုနှင့် သတ်မှတ်ထားမှုများ ပြုလုပ်ပါသည်။

နယ်စပ်ဒေသနှင့် ရွာသူရွာသားအချို့သည် တစ်ခါတစ်လေနယ်စပ်ကိုကျော်ဖြတ်ပြီး ဆေးကုသမှုအားသွားရောက်ခံယူကြသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်ရှိ ဒေသခံရွာသူရွာသားများမှ နယ်စပ်ကိုဖြတ်၍ ဆေးကုသမှုခံယူနိုင်သော်လည်း ယာဉ်မောင်းတစ်ဦးနှင့် လူနာပြုစုစောင့်ရှောက်မည့်သူတစ်ဦးသာ လိုက်ပါသွားနိုင်သည်။ ဆေးကုသမှုသွားရောက်ခံယူရန်အတွက် ဒေသခံအာဏာပိုင်များထံတွင် ထောက်ခံစာများကိုရယူကြရသည်။

အသက်မွေးဝမ်းကျောင်းထောက်ပံ့မှုအတွက် ထိခိုက်နစ်နာမှုပြဿနာများ ရောဂါကူးစက်ပျံ့ပွားမှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည့်အတွက် ခရီးသွားလာကန့်သတ်မှုများအား တိုးချဲ့မှုများကြောင့် ဒေသတွင်းရှိဒေသခံများမှ စားဝတ်နေရေးအတွက် ထိခိုက်နစ်နာမှုပြဿနာများအား ရင်ဆိုင်နေကြရသည်။ ဒေသခံများမှ မြို့တွင်းရောင်းဝယ်ရေးအား အားကိုးအားထားနေရသည်မှာ အစားအသောက်များနှင့် အိမ်တွင်းလိုအပ်သည့်အရာများကို သွားရောက်ဝယ်ရပြီး၊ ၎င်းတို့၏သစ်သီးဝလံများကိုလည်း အနီးအနားရှိမြို့များတွင် သွားရောက်ရောင်းချနိုင်သေးသည်။

သို့သော် အချို့ရွာတွင် ရွာအတွင်းတစ်စုံတစ်ဦးမှ ရောဂါလက္ခဏာများတွေ့ရှိပါက ထိုကျေးရွာတွင်ရှိသော ရွာသူရွာသားများအား အခြားကျေးရွာများသို့ သွားလာမှုမပြုလုပ်ရန်တားမြစ်ထားပါသည်။ ဒေသခံများမှ ၎င်းတို့၏ဈေးကွက်ကိုပုံမှန်သွားရောက်ရောင်းချသည့်အတိုင်း မသွားနိုင်တော့ပေ။ ကော့ကရိတ်မြို့နယ်၊ မယ်ပလယ်ကျေးရွာရှိ ဒေသခံတစ်ဦး၏ပြောပြချက်အရ "ရွာလူကြီးက(မြို့ထဲက) ဈေးရောင်းတဲ့သူတွေဆီကနေ အစားအစာတွေမှာပေးတယ်။ သူတို့တွေကယူလာပြီးရင် ရွာမှာသတ်မှတ်ထားတဲ့နေရာမှာ ကျွန်တော်တို့က ကျွန်တော်တို့ဆီမှာရှိတဲ့အရာတွေနဲ့လဲလှယ်ကြတယ်။"

ပြည်ပတွင် အလုပ်သွားရောက်လုပ်ကိုင်သည့်ဒေသခံများသည် ကိုဗစ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစ၍ မြန်မာပြည်တွင်းရှိ ၎င်းတို့၏နေအိမ်(ကျေးရွာ)သို့ ပြန်လာခဲ့ကြသည်။ သို့သော် ရောဂါကူးစက်မှုများပြားလာသောကြောင့် နယ်စပ်ဖြတ်သန်းသွားလာမှုကို ပိတ်ခဲ့သည့်အတွက် ၎င်းတို့၏အလုပ်အကိုင်သို့ ပြန်ရောက်မလုပ်ကိုင်နိုင်ကြတော့ပေ။ အချို့မှာမူ ၎င်းတို့၏အလုပ်လုပ်နေသောနိုင်ငံတွင် အခြေအနေပိုမိုဆိုးရွားလာသည့်

အတွက် မြန်မာပြည်အတွင်းရှိ ၎င်းတို့၏နေရပ်ရွာသို့ပြန်လာ၍ နေထိုင်ကြသည်။ သို့သော် နယ်စပ်ဖြတ်သန်းသွားလာမှုပိတ်ခြင်းကြောင့် ၎င်းတို့မှ အလုပ်လုပ်ရာနေရာသို့မပြန်သွားနိုင်တော့ပေ။ ထို့အပြင် ၎င်းတို့၏နေထိုင်ရာအရပ်တွင်လည်း အလုပ်အခွင့်အလမ်းများမရှိသောကြောင့် အခက်အခဲများစွာကြုံတွေ့ရပါသည်။ ဒူးသထူခရိုင်၊ ဘီလင်းမြို့နယ်၊ ကြိုးဝိုင်းကျေးရွာအုပ်စု၊ နို့ကနဲကျေးရွာရှိဒေသခံတစ်ဦး၏တင်ပြချက်အရ ပြည်ပတွင်အလုပ်သွားရောက်လုပ်ကိုင်နေသည့်သူများသည် ကိုဗစ်စတင်ဖြစ်ပွားခဲ့သည့်အချိန်တွင် မြန်မာပြည်သို့ ပြန်လာခဲ့သည့်အတွက် ယခုအချိန်တွင် ပြည်တွင်းတွင်သာတစ်ကျန်နေခဲ့ကြပြီး၊ ထိုင်းနိုင်ငံတွင် အလုပ်ပြန်လည်သွားရောက်မလုပ်ကိုင်နိုင်ကြတော့ပေ။ ၎င်းတို့သည် မြန်မာပြည်တွင်းရှိ အလုပ်ကိုလည်း လွယ်လွယ်ကူကူ မရှာလုပ်နိုင်ကြပေ။

ကိုဗစ်ရောဂါဖြစ်ပွားနေသည့်အချိန်တွင် စားဝတ်နေရေးပြဿနာများအား ရင်ဆိုင်ကြုံတွေ့နေရသည့် ဒေသခံများအား မြန်မာအစိုးရ၊ KNU နှင့် ဒေသခံအဖွဲ့အစည်းများမှထောက်ပံ့ပေးခဲ့ကြသည်။ ထိုထောက်ပံ့မှုများမှာ အစားအစာ၊ ငွေကြေးနှင့် ရောဂါကာကွယ်ရေးပစ္စည်းများ ဖြစ်သည်။ အချို့ဒေသခံများမှာ မြန်မာအစိုးရ သို့မဟုတ် KNU နှင့် ဒေသခံအဖွဲ့အစည်းများထံမှ အ ထောက်အပံ့များရရှိခဲ့သော်လည်း လွန်စွာလိုအပ်နေသော အချို့ဒေသခံများမှာ ဘာမှမရရှိခဲ့ပဲရှိနေပါသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံအများစု၏တင်ပြချက်အရ ၎င်းတို့သည် ကျပ်ငွေတစ်သောင်းမှ ငါးသောင်းဝန်းကျင်ရှိ ငွေကြေးထောက်ပံ့မှုပမာဏကို ရရှိခဲ့ကြသည်။ ဒူးသထူခရိုင်၊ ဘီလင်းမြို့နယ်၊ ပယရောကျေးရွာရှိ အလုပ်အကိုင်မရှိကြတော့ပဲ နေထိုင်သောဒေသခံများအား မြန်မာအစိုးရထံမှ ငွေကြေး ထောက်ပံ့မှု သုံးကြိမ်ရရှိခဲ့သည်။ တစ်ကြိမ်လျှင် တစ်သောင်းမှ နှစ်သောင်းကျပ်ဝန်းကျင် ရရှိခဲ့ကြသည်။ ဒူးပလာယာခရိုင်ရှိ ဒေသခံခေါင်းဆောင်တစ်ဦး၏တင်ပြချက်အရ ကိုဗစ်ကာလအတွင်း မြန်မာအစိုးရထံမှ အထောက်အပံ့မရရှိနိုင်သည့် စည်းမျည်းကိုးချက်ကို မြန်မာအစိုးရမှချမှတ်ထားခဲ့သည်။ ၎င်း၏တင်ပြချက်အရ (အထောက်အပံ့မရရှိနိုင်သည့်သူများမှာ) "သွပ်မိုးအိမ်ရှိသည့်သူများ၊ ပုံမှန်လခဝင်ရှိသူများ၊ ပင်စင်လစာစားများ၊ နိုင်ငံရပ်ခြားတွင် ထောက်ပံ့နိုင်သည့်သားသမီးရှိသူများ၊ လယ်ယာ၊ ရော်ဘာခြံ၊ ဆိုင်ကယ်၊ ကျွဲနွားနှင့် ဥယာဉ်ခြံရှိသူများဖြစ်သည်။" ထို့ကြောင့် အစားအသောက်များကို မှန်ကန်စွာလိုအပ်နေသည့် အများစုသောရွာသူရွာသားများမှာ အကူအညီမရရှိတော့ပေ။

ခရီးသွားလာခြင်းကန့်သတ်မှုကြောင့် ဒေသခံအချို့သည်ရပ်ဝေးတွင်အစားအစာကုန်ပစ္စည်းများ သွားရောက်ဝယ်ယူခြင်းမပြုနိုင်ကြပေ။ ထို့ကြောင့် ဘူးသိုမြို့နယ်ရှိ KNU မှဒေသခံများ၏အစားအသောက်ကိုကူညီရန် (ကိုဗစ်ကူညီရေးကော်မတီအဖွဲ့တစ်ဖွဲ့)ဖွဲ့စည်းခဲ့သည်။ ၎င်းတို့သည် မြို့တွင်းမှအစားအစာများကို သွားရောက်ဝယ်ယူခဲ့ပြီး၊ ဒေသခံရွာသူရွာသားများ လွယ်ကူစွာ သွားရောက်ဝယ်ယူနိုင်သည့်နေရာတွင် သိုလှောင်ထားရှိကြသည်။ ၎င်းတို့ဝယ်ယူခဲ့သည့် အဓိကစားသောက်ကုန်များသည် နှစ်လမှသုံးလအထိ လောက်ငပါသည်။ ၎င်းတို့သည် အစားအစာများနှင့်ဆန်များကို မြို့တွင်းမှဝယ်ယူခဲ့သည့် မူလဈေးအတိုင်း ဒေသခံရွာသူရွာသားများထံသို့ ပြန်လည်ရောင်းချပေးခဲ့ကြသည်။




ဤဓာတ်ပုံသည် ဒေသခံရွာသားများ မြန်မာအစိုးရထံမှ ငွေကြေးထောက်ပံ့မှု လက်ခံရယူနေသောပုံဖြစ်သည်။

# စစ်တပ်အာဏာသိမ်းခြင်း (နှင့်) ၎င်းတို့၏လူ့အခွင့်အရေးချိုးဖောက်မှုများ



ဤဓာတ်ပုံသည် Reuters သတင်းဌာနမှဓာတ်ပုံဖြစ်သည်။

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကျင်းပခဲ့ပြီး ရွေးကောက်ပွဲရလဒ်နှင့်စပ်လျဉ်း၍ အခြေအမြစ်မရှိသော မဲမသမာမှုများကိုအကြောင်းပြကာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် စစ်တပ်မှနိုင်ငံတော်အရေးပေါ်အခြေအနေကြေညာပြီး အာဏာသိမ်းလိုက်သည်။ ထိုကဲ့သို့ကြေညာလိုက်သည့်တစ်ရက်ထဲတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အခြားသောအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအဖွဲ့ဝင်များဖြစ်ကြသည့် လွှတ်တော်အမတ်များ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ အနုပညာရှင်များအား ဖမ်းဆီးချုပ်နှောင်ထားခဲ့ပါသည်။ ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်က အရေးပေါ်အခြေအနေအရ နိုင်ငံတော်၏အာဏာကိုထိန်းသိမ်းထားကြောင်းထုတ်ပြန်ခဲ့သည်။ ထို့နောက် လူထုအသိအမှတ်ပြုထောက်ခံခြင်းမရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဖြင့် ယာယီအစိုးရတစ်ရပ်အား တရားမဝင်ဖွဲ့စည်းလိုက်ပါသည်။ ထို့အပြင် ဖမ်းဆီးထားသည့်သမ္မတနှင့် နိုင်ငံတော်အတိုင်ပင်ခံတို့အား ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ (၈)ဖြင့်သော်လည်းကောင်း၊ ဆက်သွယ်ရေးဥပဒေပုဒ်မ(၆၈)ဖြင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ဥပဒေပုဒ်မဖြင့်သော်လည်းကောင်း အသီးသီးတရားစွဲဆိုမှုပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ၎င်းတို့အားဆက်လက်ပြီး အများပြည်သူ၏အကျိုးပျက်စီးစေသောပြဌာန်းချက်အောက်ရှိ ဥပဒေပုဒ်မ၅၀၅(ခ)ဖြင့်လည်း ထပ်မံတရားစွဲထားပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ စစ်တပ်အာဏာသိမ်းပြီး ၆ ရက်အကြာတွင် ရန်ကုန်မြို့ရှိ ပြည်သူများမှလမ်းမပေါ်ထွက်ပြီး စစ်တပ်အာဏာသိမ်းမှုအားဆန့်ကျင်ဆန္ဒပြခဲ့ကြပါသည်။ ထိုနေ့မှစတင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာထိ ပြည်သူလူထု၏လမ်းမပေါ်ထွက်ဆန္ဒပြမှုမှာတစ်ရက်ထက်တစ်ရက် ပိုမိုများပြားပြင်းထန်လာသည်။ ရဲရင့်တက်ကြွသော Generation Z လူငယ်များနှင့်အတူ တစ်နိုင်ငံလုံးရှိပြည်သူလူထုများက နည်းလမ်းမျိုးစုံဖြင့် စစ်အာဏာရှင်ကျရှုံးရေး၊ ဖယ်ဒရယ်ဒီမိုကရေစီရရှိရေး၊ ဖမ်းဆီးခံရသူနိုင်ငံခေါင်းဆောင်များအား ချက်ချင်းလွှတ်ပေးရေး၊ ဘဝတူတိုင်းရင်းသားများစည်းလုံးညီညွတ်ရေး စသည့်အချက်များကို အဓိကကြွေးကြော်ဆန္ဒပြ တောင်းဆိုကြပါသည်။

အခြားတိုင်းရင်းသားဒေသများအပါအဝင် ကရင်လူ့အခွင့်အရေးဖွဲ့လှုပ်ရှားရာနယ်မြေဖြစ်သော မြန်မာပြည်အရှေ့တောင်ပိုင်း၊ ကရင်ဒေသခံများနှင့် အခြားတိုင်းရင်းသားအသီးသီးများမှလည်း ထို့နည်းအတူဆန္ဒထုတ်ဖော်ကြပါသည်။ ထို့ကြောင့် တစ်နေ့တစ်ခြားအင်အားကြီးမားလာသော လူထုဆန္ဒပြမှုများအား စစ်တပ်နှင့်ရဲတပ်ဖွဲ့များက အင်အားသုံးပြီး အကြမ်းဖက်ဖြိုခွဲမှုများပြုလုပ်ခဲ့ပါသည်။ ဆန္ဒပြနေသည့်ပြည်သူလူထုအား စစ်တပ်နှင့်ရဲတပ်ဖွဲ့များက ရော်ဘာကျည်ဖြင့်သော်လည်းကောင်း၊ မျက်ရည်ယိုဗုံးဖြင့်သော်လည်းကောင်း၊ ရေအမြောက်ဖြင့်သော်လည်းကောင်း အကြမ်းဖက်ဖြိုခွဲခဲ့ပါသည်။ ဆန္ဒပြပြည်သူများထဲမှ ပထမဆုံးကျည်အစစ်ဖြင့် အပစ်ခတ်ခံရသူမှာ နေပြည်တော်တွင်ဆန္ဒပြနေသော အသက် ၁၉ နှစ်အရွယ်၊ မြသွဲ့သွဲ့ခိုင်အမည်ရှိ အမျိုးသမီးငယ်ဖြစ်ပါသည်။ သူမသည် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဆန္ဒပြနေစဉ် ဦးခေါင်းတည့်တည့်တွင်

အပစ်ခံခဲ့ရပြီးတစ်ပတ်အကြာတွင် သေဆုံးခဲ့ပါသည်။ အကြမ်းဖက်ဖြိုခွင်းမှုများ ထိုနေ့မှစတင်ပြီး တစ်ရက်ထက်တစ်ရက် ဆိုးရွားပြင်းထန်လာပါသည်။ အထူးသဖြင့် ဆန္ဒပြသူပြည်သူလူထုအား လက်ဖြောင့်တပ်သားများမှ သေနတ်ဖြင့်ခေါင်းကိုချိန်ပြီး ပစ်သတ်မှုများ ဆက်တိုက်ရှိလာပါသည်။ နွေဦးတော်လှန်ရေး အင်တာနက်မှတ်တမ်းအရ အာဏာသိမ်းချိန်မှစပြီးနောက်ပိုင်း မတ်လ ၈ ရက်နေ့အထိ စစ်တပ်နှင့်ရဲတပ်ဖွဲ့တို့၏အကြမ်းဖက်ဖြိုခွဲမှုနှင့် ပစ်သတ်မှုကြောင့် သေဆုံးသူဦးရေမှာ ၆၅ ဦးထိရှိပြီးဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ထိခိုက်ဒဏ်ရာရသူနှင့် သေဆုံးသူဦးရေမှာ အတည်ပြု၍မရသော်လည်း များပြားလာလျက်ရှိသည်မှာ အင်တာနက်အွန်လိုင်းစာမျက်နှာတွင် နေ့စဉ်နှင့်အမျှ မြင်တွေ့နိုင်ပါသည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)၏ မှတ်တမ်းပြုချက်များအရ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ မတ်လ ၁၀ ရက်နေ့ထိ စုစုပေါင်းဖမ်းဆီး၊ တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသူ (၂၀၀၈)ဦးထိ ရှိခဲ့ပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်မှုတစ်လကျော်ကာလအတွင်း အကြမ်းဖက်အုပ်ချုပ်မှုအောက်တွင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် တည်ငြိမ်မှု၊ လုံခြုံမှုစသည်တို့အား ထိခိုက်ဆုံးရှုံးနစ်နာနေသည်မှာ ကမ္ဘာ့အသိပင်ဖြစ်ပါသည်။ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုတို့ နေ့ရောညပါ ဖြစ်ပွားလျက်ရှိပြီး ဤချိုးဖောက်ကျူးလွန်မှုများသည် ရဲနှင့်စစ်တပ်အပြင် ထောင်ထွက်များ၊ စစ်တပ်ထောက်ခံကြောင်းကြေးစားဆန္ဒပြသူ အုပ်စုများပါပါဝင်ပါသည်။ ၎င်းတို့ကျူးလွန်သည့် အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုတို့မှာ ဆန္ဒပြပြည်သူလူထုတို့အား ထိခိုက်ဒဏ်ရာရစေခြင်းနှင့် သေဆုံးစေသည်အထိ သေနတ်ဖြင့်သော်လည်းကောင်း အခြားလက်နက်များဖြင့်သော်လည်းကောင်း အင်အားသုံးဖြိုခွဲခြင်း၊ ဖမ်းဆီးခံရသူများအားရိုက်နှက်ခြင်း၊ ညအချိန်မတော်နေအိမ်အတွင်းအထိဝင်ရောက်ဖမ်းဆီးခြင်း၊ ဆန္ဒပြပြည်သူများအပါအဝင် သာမန်လမ်းသွားလမ်းလာပြည်သူများမကျန် မတရားဥပဒေပုဒ်မ ၅၀၅(က)ဖြင့် သိမ်းကြုံးဖမ်းဆီးတရားစွဲခြင်း၊ လေးခွဖြင့်ပစ်ခြင်း၊ အများပြည်သူများ၏ အိုးအိမ်စည်းစိမ်များဖျက်ဆီးခြင်းအပြင် အဆိုးရွားဆုံးမှာ ငြိမ်းချမ်းစွာဆန္ဒပြသူများအား လက်ဖြောင့်တပ်သားများမှ ဦးခေါင်းကိုချိန်ရွယ်ပစ်ခတ်ခြင်း စသည်တို့ပါဝင်ပါသည်။ ဤအခြေအနေများအား မြို့ပြနေပြည်သူလူထုများက အဆိုးရွားဆုံး ရင်ဆိုင်ခံစားကြရပါသည်။ ကျေးလက်ဒေသနေ တိုင်းရင်းသားပြည်သူလူထုများအနေဖြင့်လည်း စစ်အာဏာရှင်စနစ်ကျဆုံးရေးအတွက် တတ်နိုင်သည့်ဘက်မှပါဝင်လုပ်ဆောင်ကြပါသည်။ ကျေးလက်နေဒေသခံအချို့မှာလည်း နေ့စဉ်ဆန္ဒထုတ်ဖော်မှုများပြုလုပ်ပြီး ဖြိုခွင်းခံခဲ့ရသည်များလည်း ရှိခဲ့ပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကရင်လူ့အခွင့်အရေးအဖွဲ့လှုပ်ရှားရာဒေသများတွင် ကရင်အမျိုးသားအစည်းအရုံးမှ ဆန္ဒပြပြည်သူများကို လိုက်လံဝန်းရံကာကွယ်ပေးခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ ထို့နည်းအတူ တစ်နိုင်ငံလုံးရှိငြိမ်းချမ်းစွာဆန္ဒပြနေသော၊ စစ်အာဏာရှင်ကျဆုံးရေးအတွက် စွမ်းစွမ်းတမံတိုက်ပွဲဝင်သောပြည်သူများအားလုံးကို အဖက်ဖက်မှဝိုင်းဝန်းကာကွယ်ပေးရန် ကူညီထောက်ပံ့ပေးရန်အထူးလိုအပ်ပါ သည်။ သို့မှသာလျှင် စစ်အာဏာရှင်စနစ်အား အမြန်ဆုံးချုပ်ငြိမ်းနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းမှုသည် ယခုတစ်ကြိမ်ဆိုလျှင် အာဏာသိမ်းမှုသုံးကြိမ်တိုင်တိုင်ရှိခဲ့ပြီဖြစ်ပြီး ပြည်သူလူထုသည် လူမဆန်သည့်ရက်စက်ကြမ်းကြုတ်သော တိုင်းပြည်အုပ်ချုပ်မှုအောက်တွင် နေလာခဲ့ရသည်မှာ ဆယ်စုနှစ်များစွာရှိပြီးဖြစ်သည်။ ထို့ကြောင့် ဤစစ်အာဏာရှင်စနစ်အား အမြစ်ပြတ်ချေမှုန်းနိုင်စွမ်းမရှိပါက ပြည်သူလူထု၏ဘဝသည် သာယာဝပြောမှုမရှိသလို တည်ငြိမ်ငြိမ်းချမ်းမှုလည်းရှိမည်မဟုတ်ပါ။ ထို့နည်းအတူ လူ့အခွင့်အရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လာနိုင်မည်မဟုတ်သလို ပြည်သူတို့၏နေ့စဉ်ဘဝမှာလည်း ဘေးကင်းလုံခြုံစွာ ရှင်သန်နိုင်မည်မဟုတ်ပေ။



# လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှု မှတ်တမ်းများ

ကရင်လူ့အခွင့်ရေးအဖွဲ့(KHRG)အနေဖြင့် ရွာသားအချင်းချင်းကြားနှင့် ဆွေမျိုးသားခြင်းကြားဖြစ်ပွားခဲ့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့်ဆိုင်သော အချက်အလက်များကိုရရှိခဲ့ပါသည်။ ဤအစီရင်ခံစာတွင် KHRG မှ မှတ်တမ်းတင်ထားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု စုစုပေါင်း(၃)ခုပါရှိပြီး ကျူးလွန်ခံခဲ့ရသူများမှာ အသက်(၄)နှစ်အရွယ် ကလေးငယ်တစ်ဦး၊ (၈)နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် (၇၅)နှစ် အရွယ်အဖွားအိုတစ်ဦးတို့ဖြစ်သည်။ ဤဖြစ်စဉ်သုံးခုလုံးသည် တိုင်ကြားထားခြင်းခံရပြီး ကရင်အမျိုးသားအစည်းအရုံး (KNU) ဒေသခံကျေးရွာခေါင်းဆောင်များနှင့် ကရင်အမျိုးသားရဲတပ်ဖွဲ့(KNPF)တို့မှ စုံစမ်းစစ်ဆေးထားသည်။

## ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

ဒေသခံကျေးရွာခေါင်းဆောင်များမှ ဤသက်ငယ်မုဒိမ်းမှု(၂)ခုနှင့်ပတ်သက်သောအချက်အလက်များအား မြို့နယ်နှင့်ခရိုင်အဆင့်ရှိ KNU အာဏာပိုင်များထံပေးပို့ထားပြီးဖြစ်သော်လည်း ၂၀၂၁ ခုနှစ်၊ မတ်လအတွင်းတွင် ကျူးလွန်သူများအားတရားစီရင်ခြင်းမှာမှုပြီးစီးမှုမရှိသေးပေ။ ထိုနည်းတူ သက်ငယ်မုဒိမ်းမှုကျူးလွန်သူများမှာ ကလေး၏နေအိမ်အနီးအနားတွင်နေထိုင်သောသူများဖြစ်ကြပြီး ဤကဲ့သို့သောကျူးလွန်မှုများသည် ကလေးမိဘများ အနီးအနားတွင်မရှိသောအချိန်တွင် ဖြစ်ပွားခဲ့ကြသည်။

## (က)ဖြစ်စဉ်(၁)

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ သို့မဟုတ် ၂၅ ရက်နေ့တွင် KNU ထိန်းချုပ်နယ်မြေဖြစ်သော ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး)မြို့နယ်၊ မ---ကျေးရွာအုပ်စု၊ ခ---ကျေးရွာ၌ စောဟ---သည် အသက် ၈ နှစ်ရွယ်ရှိအမျိုးသမီးငယ်တစ်ဦးဖြစ်သူ နော်ဘ---အား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကျူးလွန်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်၊ မိုးရာသီကာလ (ဖွန်လလောက်)တွင် ကျူးလွန်သူသည် ကျေးရွာသို့ပြန်ရောက်နေထိုင်ခဲ့ပါသည်။ မှုခင်းဖြစ်ပွားသည့်အချိန်တွင် ၎င်းသည် လယ်ယာလာရောက်လုပ်ကိုင်ကာ ကျူးလွန်ခံရသူ၏မိသားစုနှင့်နေထိုင်သည်။

မှုခင်းဖြစ်ပွားသည့်နေ့တွင် အဆိုပါအမျိုးသမီးငယ်၏မိဘများသည် ၎င်းတို့၏ကလေးငယ်များအား နေအိမ်တွင်ချန်ထားခဲ့ပြီး အခြားကျေးရွာရှိနာရေးသို့သွားခဲ့ကြသည်။ အမျိုးသမီးငယ်၏ဖခင်ဖြစ်သူမှ KHRG အား “အစပိုင်းမှာ စောဟ---က ကျွန်တော် တို့နဲ့အတူ နာရေးအိမ်ကိုလိုက်သွားခဲ့တယ်။ နာရေးအိမ်ကို ရောက်တော့ ကျွန်တော်တို့နဲ့သူမလိုက်တော့ဘဲ (ခ---ရွာကို) ပြန်လာခဲ့တယ်။ ကျွန်တော့်အမျိုးသမီးနဲ့ကျွန်တော်က အိမ်ကို ညသန်းခေါင်အချိန် မနက် ၂ နာရီလောက် (၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့)မှာ ပြန်ရောက်ခဲ့တယ်။” ဟု ပြောပြခဲ့သည်။

မိဘဖြစ်သူမှာ အိမ်သို့ပြန်ရောက်ချိန်တွင် ၎င်းတို့၏သမီးငိုနေသည်ကိုတွေ့ခဲ့ပါသည်။ စောဟ---မှာမူ အိမ်ထဲ၌အိပ်နေသည်။ အမျိုးသမီးငယ်၏မိဘများမှ အခြေနေထူးခြားနေသည်ကို သတိထားမိခဲ့ပြီး ဖခင်ဖြစ်သူက စောဟ---အား “ဒီကလေးကဘာကြောင့်ငိုနေတာလဲ။ ခင်ဗျားသူ့ကိုတစ်ခုခုလုပ်ထားလို့လား။” ဟုမေးရာ စောဟ---က ဘာမှမလုပ်ထားကြောင်း ပြန်ဖြေခဲ့သည်။ ဖခင်ဖြစ်သူသည် သူ၏သမီးအားသူမဘာဖြစ်ခဲ့ကြောင်းကို ညင်သာစွာမေးမြန်းရာ သမီးဖြစ်သူမှ “သမီးသူ့(စောဟ---)ကိုကြောက်တယ်။” ဟုပြန်ဖြေသည်။ သမီးဖြစ်သူမှ ၎င်း၏ဖခင်အား “သူသမီးကိုလုပ်တယ်” ဟု သူအားဖြေကြားခဲ့ကြောင်း တင်ပြခဲ့သည်။ ကျူးလွန်ခံရသူ၏ဖခင်မှထပ်၍ “သူ(ထိုကလေးမလေး)က သူ့(ကျူးလွန်သူ)ကိုတွေ့ရင်ကြောက်ပြီးငိုတယ်” ဟု ဆိုသည်။

အမျိုးသမီးငယ်၏မိခင်ဖြစ်သူမှ သူမ၏သမီးကိုယ်အင်္ဂါအား ချက်ချင်းစစ်ဆေးကြည့်ရှုခဲ့ပြီး မိန်းမကိုယ်အတွင်းတွင် အမျိုးသားသုတ်ရည်အား တွေ့ရှိခဲ့သည်။ ကလေးမလေး၏ စအိုမှာလည်းစိုစွတ်ကာ နီရဲနေသည်။ မနက်မိုးလင်းလာချိန်တွင် နော်ဘ---သည် ဗိုက်နာ၍ခါးလည်းနာကျင်ကာ သူမအပေါ့သွားချိန်တွင် နာကျင်နေသည်ဟုခံစားရကြောင်း သူမ၏မိဘများအား ပြောကြားခဲ့သည်။

ကျူးလွန်ခံရသူ၏ဖခင်မှဤအမှုအား ကျေးရွာသူကြီးထံသို့ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ ညနေအချိန်တွင် တင်ပြခဲ့ပြီးစောဟ---ကမူထွက်ပြေးတိမ်းရှောင်လျက်ရှိနေသည်။ သို့သော်လည်း ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကျေးရွာရှိအာဏာပိုင်များက စောဟ---အား ဖမ်းဆီးရမိခဲ့၍ ကျေးရွာအုပ်စုတာဝန်ရှိသူများထံသို့ ပို့ခဲ့သည်။ ထို့နောက်၎င်းတို့မှ စောဟ---အား ထိုအမျိုးသမီးငယ်အား အမှန်တကယ်အဓမ္မပြုကျင့်၊ မပြုကျင့်ခဲ့ကြောင်း စစ်ဆေးမေးမြန်းရာ စောဟ---က ၎င်း၏အပြစ်ကိုမဝန်ခံသည့်အပြင် ၎င်းသည်ကလေးမလေး၏ကိုယ်အင်္ဂါထဲသို့ ၎င်း၏လက်ချောင်းလေးကိုသာ ထိုးထည့်ခဲ့ကြောင်း ဖြေကြားခဲ့သည်။ ထို့ကြောင့်ကျေးရွာအုပ်စုခေါင်းဆောင်များက ဤအမှုသည် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုအမှန်တကယ်ဟုတ်မဟုတ်ကြောင်းကို ဆုံးဖြတ်ချက်ချနိုင်ခြင်းမရှိတော့ပေ။ ကျေးရွာအုပ်စုခေါင်းဆောင်များက ဆုံးဖြတ်ချက်ချနိုင်ခြင်းမရှိသော်လည်း ၎င်းတို့သည်ဤအမှုအား ခရိုင်တရား

ရုံးသို့ လွှဲပြောင်းပေးမှုလည်း မပြုလုပ်ခဲ့ပေ။

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၃၁ ရက် ည ၁၁ နာရီအချိန်တွင် စောဟ---သည် ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ လ ၁၁ ရက်နေ့အထိ ရှာဖွေတွေ့ရှိခြင်းမရှိသေးပဲ လွတ်မြောက်နေဆဲဖြစ်၍ ခ---ရွာသူကြီးမှ ၎င်းအနေဖြင့် စောဟ---အားမတွေ့ရှိသေးကာ စောဟ---နှင့်ပတ်သက်သောသတင်းတစ်ခုမှမကြားရတော့ကြောင်း ပြောပြခဲ့သည်။

စောဟ---ထွက်ပြေးလွတ်မြောက်ခြင်းမတိုင်မီ ရွာသူကြီးအား "ခင်ဗျားကရွာသူကြီးဖြစ်တယ်။ ခင်ဗျားလုပ်ဆောင်တာမမှန်ရင် ခင်ဗျားဘဲပြန်ခံရမယ်။" ဟုပြောဆိုခဲ့သောကြောင့် ကျေးရွာသူကြီးအနေဖြင့် ကြောက်ရွံ့နေရကြောင်း ပြောကြားခဲ့သည်။ စောဟ---အားရှာဖွေတွေ့ရှိခြင်းမရှိသေးသောကြောင့် ရွာသူကြီးအနေဖြင့် စောဟ---သည် ၎င်းကိုသော်လည်းကောင်း၊ ကျူးလွန်ခံရသူနှင့် မိသားစုကိုသော်လည်းကောင်း၊ ရွာသားများကိုသော်လည်းကောင်း ပြန်လာ၍နှောင့်ယှက်သောင်းကျန်းမည်ကို စိုးရိမ်နေသည်။ ကျေးရွာသူကြီးစိုးရိမ်သကဲ့သို့ပင် ကျူးလွန်ခံရသူ၏မိသားစုမှာလည်း ကြောက်ရွံ့၍နေကြရပါသည်။

မှုခင်းဖြစ်ပွားပြီး နောက်တစ်ပတ်အကြာမှာ နော်ဘ---၏ဖခင်ဖြစ်သူသည် သူမအား ကျိုက်ဒုံမြို့ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့သည်။ ဆေးရုံရှိဆရာဝန်မှ သူမ၏ဒဏ်ရာအားစစ်ဆေးခဲ့ပြီး သောက်သုံးရန်ဆေးငါးရက်စာပေးခဲ့ကာ နောက်တစ်ကြိမ်လာရန် ရက်ချိန်းသတ်မှတ်ပေးခဲ့သည်။ သို့သော်လည်း ဆရာဝန်မှ အမျိုးသမီးငယ်၏ဖခင်အား အခြေအနေတစ်ခုကိုမှ အသိမပေးခဲ့ပေ။ ကျူးလွန်ခံရသည့်အမျိုးသမီးငယ်အနေဖြင့် သူမ၏စိတ်ဒဏ်ရာအားပြန်လည်ကုစားရန် စိတ်ပိုင်းဆိုင်ရာအားပေးမှုတစ်စုံတစ်ခုကိုမှမရရှိခဲ့ပေ။

KHRG သတင်းကောက်ခံသူမှ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျူးလွန်ခံရသူ၏မိဘများနှင့် တွေ့ဆုံခဲ့ကြပြီး အမျိုးသမီးငယ်မှာဖြစ်ပွားခဲ့သည့် လိင်ပိုင်းဆိုင်ရာကျူးလွန်ခံရခြင်းကြောင့် သူမသည်စိတ်ပိုင်းဆိုင်ရာနှင့် ခန္ဓာပိုင်းဆိုင်ရာထိခိုက်ဒဏ်ရာများ ဆက်လက်ခံစားနေရဆဲဟုသိရသည်။ ကလေးမလေး၏ စိတ်နေသဘောထားကပြောင်းလဲနေ၍ သူမ၏ဗိုက်နာကျင်လျက်ရှိနေသေးကြောင်း ပြောသည်။ မှုခင်းဖြစ်ပွားပြီးနောက်ပိုင်းမှစ၍ သူမ၏အရေပြားတို့သည် ဖြူဖတ်ဖြူလျော်ဖြစ်နေပြီး မိဘများမှ သူမအားမေးခွန်းများမေးမြန်းချိန်တွင်များသောအားဖြင့် မဖြေဆိုချင်တော့ပေ။ သူမဖြေဆိုခဲ့လျှင်လည်း သူမ၏ဖြေကြားချက်များက အရှေ့အနောက်မညီပေ။သူမသည်ကျေးရွာအထဲတွင် တစ်ဦးတည်းသွားလာရန် ကြောက်ရွံ့နေသည်။

ကျေးရွာအုပ်စုရှိ လုံခြုံရေးများကစောဟ---အား ရှာဖွေသော်လည်း ၎င်းအားမတွေ့ရှိသေးပေ။ နော်ဘ---၏ ဖခင်ကမူ ကျူးလွန်သူအားဖမ်းဆီးပြီး ထိရောက်စွာအရေးယူရန်ဟူသော ၎င်း၏ဆန္ဒအား ဒေသခံအာဏာပိုင်များထံသို့ တင်ပြခဲ့သည်။ ၎င်းမှ ခေါင်းဆောင်များအနေဖြင့် ၎င်း၏သမီးသည် သင့်လျော်သော ခန္ဓာပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကူညီမှုရရှိရန်အတွက် နည်းလမ်းတစ်ခုခုရှာပေးရန် လိုလားသည်။

KHRG သည် ဤအကြောင်းအရာအားကြားသိရပြီးနောက် တွင် ကျူးလွန်ခံရသူ၏မိဘများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပြီး ဆက်လက်အရေးယူဆောင်ရွက်မှုပြုလုပ်ရန် ခရိုင်အာဏာပိုင်များ၊ KHRG ၏လုပ်ဖော်ကိုင်ဖက်များနှင့် ကရင်အမျိုးသမီးအစည်းအရုံး(KWO)တို့က လက်တွဲလုပ်ဆောင်ကြပြီး ဇန်နဝါရီလလေးပတ်မြောက်တွင် ဤအမှုအားခရိုင်တရားရုံးသို့ လွှဲအပ်လိုက်ပြီးဖြစ်သည်။

## (က)ဖြစ်စဉ်(၂)

ဤဒုတိယမြောက်အမှုသည် ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်)မြို့နယ်၊ ဂ---ကျေးရွာအုပ်စု၊ ခ---ကျေးရွာ၌ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့၊ နေ့လယ်ပိုင်းအချိန်တွင် ဖြစ်ပွားခဲ့သော စောက---ခေါ် အသက် ၁၄ နှစ်အရွယ်ကောင်လေးတစ်ဦးမှ အသက် ၃ နှစ်အရွယ်ကလေးမလေးတစ်ဦးအား အဓမ္မပြုကျင့်ခဲ့သောအမှုဖြစ်သည်။ စောက---၏ နေအိမ်သည် ထိုကလေးမလေး၏နေအိမ်နှင့်နီးပြီး ၎င်းတို့သည် ဆွေမျိုးတော်စပ်သူများလည်းဖြစ်ကြသောကြောင့် စော---ကမှ ထိုကလေးမလေး၏နေအိမ်သို့ အမြဲတမ်းလာရောက်ဆော့ကစားလေ့ရှိသည်။ ထို့ကြောင့် ကလေးမလေး၏မိခင်ဖြစ်သူ နော်င---က စောက---သည် သူမ၏သမီးဖြစ်သူအား အဓမ္မပြုကျင့်လိမ့်မည်ဟုထင်မထားသောကြောင့် သူတို့အားအိမ်ထဲတွင်ဆော့ကစားခွင့်ပေးခဲ့သည်။ သို့သော်လည်း စောက---က အိမ်ထောင့်မှ သူမ၏သမီးအား ကြိမ်ဖန်များစွာခေါ် ဆိုခဲ့ရာ သူမအတွက်ထူးခြားနေသောကြောင့် သူမသည်သူ့(ကောင်လေး)အားသွား၍ချောင်းကြည့်မည်ဟုကြံစီခဲ့သော်လည်း သူမသည်ပျဉ်ပြားအားနင်းမိရာ အသံမြည်သွားသောကြောင့် စောက---သည် အခန်းအတွင်းမှ ချက်ချင်းထွက်လာခဲ့သည်။ ထို့ကြောင့် နော်င---က သူမ၏သမီးအား မည်သည်တို့ဖြစ်ပွားခဲ့ကြောင်း သေချာစွာတစ်ဆင့်ပြီးတစ်ဆင့်မေးမြန်းခဲ့သည်။ သူမ၏သမီးကသူမအား "သူကသမီးရဲ့ဘောင်းဘီကိုချွတ်တယ်"(...)"သူကသမီးရဲ့ခြေထောက်ကို ဒီလိုကားခိုင်းတယ်။" ပြီးတော့ သူမအားအဓမ္မပြုကျင့်ခဲ့ကြောင်း ဖြေကြားခဲ့သည်။ နော်င---က သူမ၏သမီးရဲ့ကိုယ်အင်္ဂါအားဖွင့်ကြည့်ခဲ့ ရာနီရဲနေသည်ကိုတွေ့ပြီး စအိုသည်လည်း စိုစွတ်နေသည်ကိုတွေ့ရှိခဲ့ရသည်။ နော်င---က ကျူးလွန်သူ၏မိဘထံသို့ ချက်ချင်းသွားရောက်အကြောင်းကြားခဲ့ပြီး ဒေသခံဆရာဝန်နှင့် ချက်ချင်းသွားရောက်တွေ့ဆုံခဲ့သည်။ ဆရာဝန်ကမူ ကလေးမလေး၏မိန်းမကိုယ်အင်္ဂါသည် အနည်းငယ်ထိခိုက်ပြီး စိုးရိမ်ဖွယ်မရှိဟုပြောကြားခဲ့သည်။

အမုန်မှာမူ နော်c---က ဤကိစ္စအား ဒေသခံခေါင်းဆောင်များထံသို့မတင်ပြဘဲ လျှို့ဝှက်စွာနေသွားမည်ဟု ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်းဤအမှုသည် ကလေးမလေး၏ အပြစ်ဖြစ်ပြီး ကောင်လေး၏အပြစ်မဟုတ်ကြောင်း စောက--၏မိခင်က အခြားသောသူများအား လိုက်လံပြောကြားကြောင်း အချို့သောရွာသားများက နော်c---အား ပြောပြသောကြောင့်နော်c---အနေဖြင့် သူမ၏ဖခင်နှင့်ကျေးရွာသူကြီးထံ ဤကိစ္စအားတင်ပြမည်ဟု ပြန်လည်ဆုံးဖြတ်ခဲ့သည်။ နော်c---က KHRG အား သူမ၏ဖခင်သည် စောက---၏မိဘအား လူများပြောသည့် ဤအကြောင်းများသည် အမှန်ဟုတ်မဟုတ်မေးမြန်းခဲ့ရာ ၎င်းတို့မှ "ငါတို့မသိဘူး။ ငါတို့အမှားလုပ်ခဲ့ပြီးပြီဘဲ ငါတို့ဘာမှမတတ်နိုင်ဘူး။ ဒါကမင်းရဲ့ကလေးကဘဲလိုတာလား မင်းရဲ့မြေးကဘဲလိုတာလားဆိုတာ ငါတို့လည်းမပြောတတ်ဘူး။ ဘာမှမဖြစ်ဘူး ငါတို့ကိုမင်းတို့ခိုင်းချင်သလိုခိုင်း...ရဲစခန်းဆီသွားမလား ဒါမှမဟုတ် မြို့နယ်အထိသွားမလား ငါတို့သွားလို့ရတယ်" ဟု အနည်းငယ်ကြမ်းတမ်းစွာဖြေဆိုခဲ့ကြကြောင်း ပြောကြားခဲ့သည်။ နော်c--နှင့်သူမ၏ဖခင်သည် ဤအမှုအားရွာသူကြီးထံတင်ပြခဲ့ပြီးနောက် ရွာသူကြီးက ဤအမှုအားကျေးရွာအုပ်စုခေါင်းဆောင်ထံလွှဲပြောင်းပေးခဲ့ကာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ညနေပိုင်းအချိန်တွင် ကရင်အမျိုးသားရဲတပ်ဖွဲ့ (KNPF)က ပြစ်မှုကျူးလွန်သူအားဖမ်းဆီးခဲ့သည်။ နော်c---မှ KHRG အားဤကဲ့သို့ဆိုသည်။ "ကျွန်မကကလေးကငယ်သေးတဲ့အတွက်ဒီအမှုကို ကျွန်မကကျေးရွာအုပ်စုအဆင့်မှာ ဘဲတင်ပြရမယ်။ ကျွန်မအထင်တော့ ဒီအမှုကရှေ့ဆက်မသင့်ဘူး။ ကျွန်မသမီးက ဒဏ်ရာကြီးကြီးမားမားရတာလဲမဟုတ်တဲ့အတွက် ကျွန်မရှေ့ဆက်မသွားချင်တော့ဘူး။"

ထို့အပြင် နော်c---က အမှုအားရှေ့ဆက်မသွားချင်တော့ခြင်းမှာ ၎င်း၏လူမှုအသိုင်းအဝိုင်းထဲ၌ ၎င်း၏မိသားစုနှင့် ကျူးလွန်သူ၏မိသားစုတို့အကြား ဆက်ဆံရေးပြေလည်အောင်ဆက်လက်၍ထိန်းထားချင်သောကြောင့် ဖြစ်သည်။ ထိုနည်းတူ သူမမှလည်း သူမသမီး၏လုံခြုံရေးအတွက်စိုးရိမ်နေသောကြောင့်ဖြစ်သည်။ နော်c---က ယခုလိုဖေါ်ပြသည်မှာ "(ဒီကိစ္စပိုပြီးမကြီးလာစေဖို့ရန်) ငါတို့အတွက်ကူပြောပေးဖို့ နင်တို့မှာတာဝန်ရှိတယ်လို့ သူကကျွန်မတို့ကိုပြောတယ်။" ဒါကြောင့် နော်c---က KHRG အား "နောက်နောင်တွင် ဒီလိုကိစ္စမျိုးဖြစ်မလာတော့ဖို့ရန်အတွက်နဲ့ မနာလိုအမုန်းပွားမှုတွေမဖြစ်ဖို့ရန်အတွက် ဒီကိစ္စကို ကျွန်မတို့ဒီမှာဘဲအပြီးသတ်တော့မယ်။ ကျွန်မသမီးရဲ့ ဂုဏ်သိက္ခာနှင့်ဆေးဖိုးဝါးခတွေကို ပြန်လည်ရရှိဖို့ ဒီမှာဘဲအဆုံးသတ်လိုက်တော့မယ်။" ဟု ဆိုသည်။ သို့သော်လည်း ယင်းကိစ္စသည် ဒေသခံအာဏာပိုင်ခေါင်းဆောင်များနှင့် ရဲများ၏လက်ထဲတွင်ရှိပြီး ၎င်းတို့ကတရားဥပဒေအတိုင်း စီရင်ဆုံးဖြတ်ရမည်ဖြစ်သည်။ ထို့ကြောင့် နော်c---က နောက်ဆုံးတွင် "ကျွန်မတို့ကဒီကိစ္စကိုဒီမှာတင် အဆုံးသတ်ချင်ပေမဲ့ ကျွန်မတို့အဆုံးသတ်လို့ရမရဆိုတာ ဥပဒေအပေါ် မှာဘဲမူတည်တယ်။" ဟူ၍လည်းပြောခဲ့သည်။ သို့သော်လည်း လုပ်ရိုးလုပ်စဉ်ရှိသကဲ့သို့ ဒေသခံကျေးရွာအုပ်စုခေါင်းဆောင်များက တရားလိုနှင့်တရားခံနှစ်ဦး၏ လိုအင်အတိုင်းအရေးယူဆောင်ရွက်သည့်အတွက်ကြောင့် ၎င်းတို့က ဤအမှုကိုလွှဲပြောင်းရန် ကြောက်ရွံ့ကြသည်။ ၎င်းမှ "ကျွန်မတို့အဲဒီလိုလုပ်ရင် လူများတွေကကျွန်မတို့ကို 'အိုးကမပူစလောင်းကပူ' လို့ပြောကြမှာကိုစိုးတယ်" ဟုပြောသည်။

ဤအမှုအားအရေးယူဆောင်ရွက်နေစဉ်တွင် KNU ၏ရေးဆွဲထားသောတရားစီရင်ခြင်းနည်းလမ်းအတိုင်း လုပ်ဆောင်မှုရှိမရှိကို KHRG ကွင်းဆင်းလုပ်သားများနှင့် KWO အဖွဲ့ဝင်များက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှစတင်ကာ အရေးယူဆောင်ရွက်မှုတစ်ဆင့်ခြင်းစီကို စောင့်ကြည့်ကြသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် တာဝန်ရှိကျေးရွာအုပ်စုတရားသူကြီး၊ ကျေးရွာအုပ်စုခေါင်းဆောင်များနှင့်ရဲများမှ ဤအမှုအားစစ်ဆေးမေးမြန်းကြရာ စောက---က ၎င်းသည် ကလေးမလေးအား တစ်ကြိမ်မှအဓမ္မပြုကျင့်ခဲ့ဟုငြင်းဆန်ခဲ့ပြီး ၎င်း၏ဖြေဆိုချက်အများစုမှာ "မသိဘူး" နှင့် "ကျွန်တော်သူ့ကိုဘာမှမလုပ်ခဲ့ဘူး" တို့ပင်ဖြစ်သည်။ ထို့ကြောင့် ကျေးရွာအုပ်စုခေါင်းများနှင့် KNPF ရဲသားများက ဆုံးဖြတ်ချက်ချရန်အခက်တွေ့ကာ ဤအမှုအားမြို့နယ်ခေါင်းဆောင်များ၏လက်ထဲသို့ ချက်ချင်းလွှဲပြောင်းပေးခဲ့ပါသည်။

## (ခ)ဖြစ်စဉ်(၃) အသက်ကြီးသည့်အမျိုးသမီးအား လိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်ခြင်း

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့၊ နံနက် ၁၂ နာရီနှင့် ၁ နာရီကြားတွင် ဒွေါဖာခိုမြို့နယ်၊ က---ကျေးရွာအုပ်စု၊ တ---ကျေးရွာနေနော်လ---ခေါ် ၇၅ နှစ်အရွယ်မုဆိုးမတစ်ဦး၏အိမ်ထဲသို့ ရွာသားတစ်ဦးဝင်လာကာ သူမအားအဓမ္မပြုကျင့်ခဲ့သည်။ ကျူးလွန်ခံရသူဤအမျိုးသမီးက အခင်းဖြစ်စဉ်ကို KHRG အားဤကဲ့သို့ဖော်ပြခဲ့သည်။ "သူကကြမ်းပြင်အပေါက်တစ်ပေါက်ကနေဝင်လာတယ်။ ကျွန်မက သူ့မျက်နှာကိုလိုက်ကြည့်ပေမဲ့ လည်း သူ့ရဲ့မျက်နှာကိုမဖော်ပြဘူး။ သူ့အသံကိုကျွန်မကြားရတယ်။ သူကကျွန်မရဲ့လက်ကို တင်းကြပ်စွာကိုင်ထားပြီး သူ့လက်နဲ့ကျွန်မပါးစပ်ကိုပိတ်ထားတာ ကျွန်မသေတော့မလို့ဘဲ။ ကျွန်မအကူအညီအော်တောင်းခဲ့ပေမဲ့ သူကကျွန်မရဲ့ပါးစပ်ကိုပိတ်ထားတယ်။ ညသန်းခေါင်အချိန်နီးလာပြီဆိုတော့ လူတွေလည်းအိပ်ကုန်ပြီး။ ကျွန်မအသံအကျယ်ကြီးအော်ရင်တောင် ရွာသားတွေက ကျွန်မရဲ့အသံကိုမကြားရလောက်တော့ဘူး။" မနက်မိုးလင်းလာချိန်တွင် နော်လ---က ပြစ်မှုကျူးလွန်သူသည် သူမ၏အိမ်တွင်ရေနွေးကြမ်းလာသောက်ပြီး ကွမ်းယာလာစားလေ့ရှိသောလူငယ်လေးဖြစ်မည်ဟု သတိထားမိကာ ခန့်မှန်းခဲ့သည်။ သူမကဤကဲ့သို့ "မှုခင်းဖြစ်ပြီးနောက်မှာ ကျွန်မအိမ်ကိုသူမလာတော့ဘူး။ သူဖြစ်မှန်းကျွန်မချက်ချင်းသိသွားတယ်။ သူကကျွန်မကိုအမြဲတမ်း 'ဖွားဖွား' လို့ခေါ် တယ်။ မှုခင်းဖြစ်ပြီးနောက်

ပိုင်းတွင်သူကကျွန်မကို 'ဖွားဖွား'လို့ မခေါ်ရဲတော့ဘူး။ ကျွန်မ
အထင်တော့သူဘဲဖြစ်လိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သူ
ကခိုးမှုတွေလိုမျိုး ဥပဒေနဲ့မညီတဲ့အရာတွေကို လုပ်တာရှိတယ်
လို့ လူတွေကပြောကြတယ်။" ဟုပြောပြခဲ့သည်။ သူမသည်
ဤအမှုအား ကျေးရွာအစည်းအဝေးခေါင်းဆောင်ဆီသို့ ရှေးဦး
စွာတင်ပြခဲ့ပြီးသည့်နောက် ဤအမှုအား ရွာလူကြီးထံသို့တင်ပြ
ခဲ့သည်။ ရွာလူကြီးက ဤကိစ္စကိုစုံစမ်းပေးမည်ဟု သူမအား
ကတိပေးခဲ့သည်။ (သို့သော် KHRG အနေဖြင့် ရက်စွဲအတိ
အကျအားမရရှိခဲ့ပါ။) ရွာလူကြီးသည် ကျူးလွန်ခံရသူနှင့်တရား
ခံနှစ်ဦးလုံးကို သီးခြားစစ်ဆေးမေးမြန်းခဲ့ပြီး ၎င်းတို့မှဖော်ပြသည့်
အကြောင်းအရာများကိုလည်း ရေးမှတ်ခဲ့သည်။ ပြစ်မှုကျူးလွန်
သူဟုသံသရရှိခံရသူသည် နော်လ--ပြောပြခဲ့သည့် အဓမ္မပြု
ကျင့်မှုအား ၎င်းအနေဖြင့်မကျူးလွန်ခဲ့ကြောင်း ငြင်းဆိုခဲ့သည်။
ဤအမှုအား ဆက်လက်ကိုင်တွယ်ရမည်နှင့်ပတ်သက်၍ ကျေး
ရွာခေါင်းဆောင်များက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား မေး
မြန်းခဲ့သည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက "ဒီအမှုကိုခင်ဗျား
တို့ဆက်လက်ဖော်ပြမယ်ဆိုရင် ကျွန်တော့်ကိုလည်းအသိပေး
ပါ" ဟုပြန်ဖြေခဲ့သည်။ ကျေးရွာခေါင်းဆောင်များက ဤအမှုအား
ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးမည်ကို
တရားခံကြားသိရပြီးနောက်တွင် ၎င်းက ဓားတစ်လက်ကိုင်
ဆောင်ကာ ရွာလူကြီး၏အိမ်ရှေ့သို့သွားရောက်ခဲ့သည်။ ထိုအ
ချိန်တွင် ရွာလူကြီးနှင့် ၎င်း၏မိသားစုဝင်တစ်ဦးမျှ အိမ်၌မရှိပေ။
ပြစ်မှုကျူးလွန်သူ၏ဖခင်ဖြစ်သူမှ ထိုနေရာသို့ရောက်ရှိလာသော
အခါ သားဖြစ်သူအား နေအိမ်သို့ပြန်လည်ခေါ်ဆောင်သွားခဲ့
သည်။ ထိုဖြစ်စဉ်ဖြစ်ပွားပြီးနောက်တွင် ရွာသူကြီးက ၎င်း၏ဇနီး
သည်နှင့်ကလေးများအား လုံခြုံရေးအတွက် အခြားကျေးရွာသို့
ခေါ်ဆောင်သွားခဲ့သည်။ ရွာလူကြီးသည် ရွာထဲတွင်မနေသော
ကြောင့်ဤအမှုအား ဒေသခံအာဏာပိုင်များထံသို့ တင်ပြရမည်
သို့မဟုတ် KNU မပဒိုစောဂျက်ဆင်ထွန်းထံသို့ တင်ပြရမည်ကို
ဆုံးဖြတ်ရန် ဒုရွာလူကြီးက ဒေသခံခေါင်းဆောင်များအားအ
စည်းအဝေးခေါ်ခဲ့သည်။ ၎င်းတို့အနေဖြင့် ဤအမှုအား KNU
အာဏာပိုင်များထံသို့ တင်ပြမည်ဟုဆုံးဖြတ်ချက်ချခဲ့သည်။
ထို့ကြောင့် ဖဒိုစောဂျက်ဆင်ထွန်းသည် ဤအမှုအားစုံစမ်းစစ်
ဆေးရန် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကျေးရွာ
သို့ရောက်ရှိခဲ့ကာ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင်
ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးခဲ့သည်။

ကျူးလွန်ခံရသူအနေဖြင့် တရားမျှတမှုရရှိရန်မျှော်လင့်လျက်ရှိ
သည်။ သို့သော်လည်း သက်သေမခိုင်လုံခြင်းနှင့် မျက်မြင်သက်
သေမရှိခြင်းကြောင့် ဒေသခံခေါင်းဆောင်များက ပြစ်မှုကျူးလွန်
သူအား ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလတွင် လွတ်ပေးခဲ့ကြောင်း
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် KHRG ကွင်းဆင်း
လုပ်သားတစ်ဦးက ဖော်ပြခဲ့သည်။ ယခုတွင်၎င်းသည် နေအိမ်
တွင်ပြန်လည်နေထိုင်နေပြီးဖြစ်သည်။ သို့ဖြစ်သောကြောင့် ကျူး
လွန်ခံရသူ၏အနာဂတ်လုံခြုံမှုအတွက် အန္တရာယ်ဖြစ်စေသည်။
ထို့ကြောင့် ကျူးလွန်သူမှ သူမအားပြန်လည်လက်စားချေမည်
ကို ကြောက်ရွံ့စွာဖြင့် အမြဲတစေနေထိုင်နေရသည်။ နော်လ---
မှဤကိစ္စကို KHRG အား "မှုခင်းဖြစ်နေချိန်မှာ သူကကျွန်မကို
နောက်တစ်ကြိမ်ထပ်လာဦးမယ်လို့ ပြောသွားတယ်။ မှုခင်းဖြစ်
ပြီးနောက် အိမ်မှာကျွန်မတစ်ယောက်ထဲမအိပ်ရဲတော့ဘူး။
ကျွန်မအတွက် လုံခြုံမှုမရှိတော့ဘူးလို့ ကျွန်မခံစားရတယ်"
ဟု ဖော်ပြခဲ့သည်။

ဤကျူးလွန်ခံရသူသည် သူမ၏စိတ်ဒဏ်ရာအား အောင်မြင်
ကျော်လွှားနိုင်ရန် စိတ်ဓာတ်ပိုင်းဆိုင်ရာခွန်အားပေးမှုတစ်စုံ
တစ်ခုမျှမရရှိပေ။ ဤအမှုမဖြစ်ပွားမီ ၁၉၈၆ ခုနှစ် သို့မဟုတ်
၁၉၈၇ ခုနှစ်မှာ သူမ၏ခင်ပွန်း၏ကျေးရွာတွင်နေထိုင်နေခဲ့စဉ်
တပ်မတော်စစ်ပြေးမှသူမအား လိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်မှု
ကိုကြုံခဲ့ရဘူးပြီဖြစ်သည်။ မှုခင်းဖြစ်ပွားခဲ့သည့်ရက် အတိအ
ကျကိုမူ သူမမမှတ်မိတော့ပါ။

ကျူးလွန်သူများက ၎င်းတို့၏အပြစ်ကိုမဝန်ခံသောကြောင့် အ
ရေးယူဆောင်ရွက်မှုနှင့် အမှုလွှဲပြောင်းပေးမှုလမ်းစဉ်တို့သည်
အလွန်နှေးကွေးနေလျက်ရှိသည်။ ထိုနည်းတူ ရွာသားများနှင့်
တာဝန်ရှိသူများက လိင်ပိုင်းဆိုင်ရာအသိပညာနှင့်ပတ်သက်
သည့် လုံလောက်သောနားလည်သဘောပေါက်မှုမရှိခြင်းနှင့်
ဒေသအတွင်းချုပ်နှောင်ရန် နေရာအတိအကျမရှိသောကြောင့်
ဒေသခံအာဏာပိုင်များက ပြစ်မှုကျူးလွန်သူအားထိရောက်စွာ
ဖမ်းစီးချုပ်နှောင်ခြင်း မပြုလုပ်နိုင်ပေ။ ထိုကဲ့သို့ပင် ဒေသခံအာ
ဏာပိုင်များနှင့်ရဲများအနေဖြင့် သိပ္ပံနည်းလမ်းဖြင့် သက်သေအ
ထောက်အထားများအား ရှာဖွေစစ်ဆေးခြင်းအတတ်ပညာမရှိ
သေးခြင်းနှင့် DNA စစ်ခြင်းကဲ့သို့သော နည်းပညာပိုင်းဆိုင်ရာ
စစ်ဆေးမှုများမရှိသေးခြင်း စသည့်အားနည်းချက်များရှိနေပါ
သည်။ ထို့အပြင် ကျူးလွန်ခံရသူအား အပြစ်တင်ခြင်းနှင့်လိင်ပိုင်း
ဆိုင်ရာအကြမ်းဖက်ကျူးလွန်ခံရသူများအား လူမှုအသိုင်းအဝိုင်း
မှ တစ်ဖက်သတ်အထင်အမြင်သေးခြင်းတို့သည် ကရင်အသိုင်း
အဝိုင်းထဲတွင်ရှိနေသေးသော အကြီးဆုံးပြဿနာဖြစ်သည်။

> " သူကကြမ်းပြင်အပေါက်တစ်ပေါက်က နေဝင်လာတယ်။
> ကျွန်မကသူ့မျက်နှာကိုလိုက်ကြည့်ပေမဲ့လည်း သူ့ရဲ့မျက်
> နှာကိုမဖော်ပြဘူး။ သူ့အသံကို ကျွန်မကြားရတယ်။ သူက
> ကျွန်မရဲ့လက်ကို တင်းကြပ်စွာကိုင်ထားပြီး သူ့လက်နဲ့
> ကျွန်မပါးစပ်ကိုပိတ်ထားတာ ကျွန်မသေတော့မလို့ဘဲ။
> ကျွန်မအကူအညီအော်တောင်းခဲ့ပေမဲ့ သူကကျွန်မရဲ့
> ပါးစပ်ကိုပိတ်ထားတယ်။ ညသန်းခေါင် အချိန်နီးလာ
> ပြီဆိုတော့ လူတွေလည်းအိပ်ကုန်ပြီး။ ကျွန်မအသံအကျယ်
> ကြီးအော်ရင်တောင် ရွာသားတွေက ကျွန်မရဲ့အသံကိုမ
> ကြားရလောက်တော့ဘူး။ "

# လက်နက်ကိုင်တစ်ဦးမှ အကြောင်းမဲ့သတ်ဖြတ်ခြင်း



ဤဓာတ်ပုံကို မှုခင်းဖြစ်ပွားခဲ့သည့်နေ့ဖြစ်သည့် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင်ရိုက်ယူခဲ့သည်။ အသက် ၂၄ နှစ်အရွယ်ရှိ မွန်လူမျိုးရွာသားတစ်ဦးဖြစ်သည့် စ---သည် ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်၊ ဘ---အုပ်စု၊ အ---ရွာအနားရှိ DKBA ဂိတ်တွင်ရှိ မွန်လူမျိုးစစ်သားတစ်ဦးဖြစ်သည့် ဝင်းသူ၏ အကြောင်းမဲ့ပစ်သတ်ခြင်းကို ခံခဲ့ရသည်။ [ဓာတ်ပုံ-ဒေသခံရွာသား]

DKBA စစ်သားတစ်ဦးမှ ကျုံဒိုးမြို့နယ်ရှိရွာသားတစ်ဦးအား သေနတ်ဖြင့်ပစ်သတ်ခြင်း၊ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ

ဤပစ်သတ်မှုဖြစ်စဉ်သည် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်၊ ဘ---အုပ်စု၊ အ---ရွာတွင် ဖြစ်ပွားခဲ့သည်။ ပစ်သတ်ခံခဲ့ရသူမှာ စ---ဖြစ်သည်။ ၎င်းသည် အသက် ၂၄ နှစ်အရွယ်ရှိ မွန်လူမျိုးတစ်ဦးဖြစ်ပြီး ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ ဘ---အုပ်စု၊ အ---ရွာတွင်နေထိုင်ပါသည်။ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ မနက် ၁၀ နာရီအချိန်တွင် ၎င်း၏သူငယ်ချင်းဖြစ်သူ စောဒ---နှင့်အတူ အ---ရွာနားတွင် ဂိတ်စောင့်နေသောမွန်လူမျိုး DKBA စစ်သားတစ်ဦးဖြစ်သည့် ဝင်းသူထံသို့သွား၍ သစ်တစ်ပင်ခုတ်ရန်အတွက် ခွင့်ပြုချက်သွားတောင်းခဲ့ကြသည်။ ထိုရွာသားနှစ်ဦးမှ ဂိတ်သို့ရောက်ရှိချိန်တွင် ဂိတ်ဘေးတွင်ရှိသည့်တဲထဲတွင် ဝင်ရောက်ထိုင်ခဲ့ကြသည်။ စ---မှ ဝင်းသူအား ၎င်းတို့မှသစ်တစ်ပင်ခုတ်လိုကြောင်း ပြောခဲ့သည်။

(အကြောင်းပြချက်ကိုမသိရှိပဲ) ဝင်းသူမှ ၎င်းတို့ကိုဒေါသထွက်ခဲ့ပြီး ဆူပူကြိမ်းမောင်းခဲ့သည်။ "မင်းတို့က တော်တော်လည်တဲ့သူတွေပဲ။" [မည်သည့် ဆီလျော်သည့်အကြောင်းပြချက်မရှိပဲ ၎င်းကိုလှည့်စားရန် တောင်းဆိုမှုပြုကြောင်း ယုံကြည်ပုံရသည်။ ] ထို့နောက် ၎င်း၏အခန်းထဲသို့ဝင်ပြီး သေနတ်တို(ဇမမ) တစ်လက်ကိုယူလာခဲ့သည်။ ၎င်းမှထိုသေနတ်ဖြင့် စ---၏ နဖူးကိုချိန်ပြီးတစ်ကြိမ်တည်းပစ်ခဲ့သည်။ သေနတ်ကျည်ဆံမှာ စ---၏ဦးခေါင်းကို ထိုးဖောက်ခဲ့သည်။ ၎င်းသည် ထိုနေရာတွင်ပင်ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ ထိုမှုခင်းအား မျက်မြင်ကိုယ်တွေ့ခဲ့ရသည့် စောဒ---မှ KHRG ကိုပြောခဲ့သည်မှာ "ကျွန်တော်တို့ထိုင်ပြီး သစ်အကြောင်းတောင်ကောင်းကောင်းမပြောရသေးဘူး။ သူသာသေနတ်နဲ့နှစ်ချက်လောက်ပစ်ခဲ့မယ်ဆိုရင် ကျွန်တော်လည်းသေနေလောက်ပြီး။ အဲ့ဒါကိုတွေ့တော့ ကျွန်တော်ရဲ့နှလုံးခုန်တာရပ်ခါနီးပဲ။"

ထိုပြစ်မှုကျူးလွန်ခဲ့သူမှာ အသက် ၄၅ နှစ်အရွယ်ရှိပြီး စိတ်ဆတ်(ဒေါသကြီး)သူတစ်ဦးဖြစ်သည်။ ဒေသခံများမှ ၎င်းကို ကျုံဒိုးမြို့နယ်၊ ထီးဟူးသံအုပ်စု၊ မီးလောင်ချောင်း DKBA စစ်ဦးစီးဌာနချုပ်ရှိ စစ်သားတစ်ဦးအဖြစ် သိရှိထားကြသည်။ ထိုပြစ်မှုကျူးလွန်ခဲ့ပြီးနောက် ၎င်း၏ DKBA အဖွဲ့မှ သူ့အားဖမ်းဆီးခဲ့ပြီး ရိုက်နှက်ခဲ့ကြသည်။ ထို့နောက်တွင် DKBA မှ ကော့ကရိတ်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံသို့ ဆက်သွယ်ကြောင်းကြားခဲ့သည်။ ထိုနေ့တွင်ရဲတပ်ဖွဲ့သည် မှုခင်းဖြစ်ပွားခဲ့သည့်နေရာသို့ရောက်လာပြီး ပြစ်မှုကျူးလွန်ခဲ့သူကို ဖမ်းဆီးကာ အလောင်းကို၎င်းတို့နှင့်အတူ သယ်ဆောင်သွားခဲ့သည်။ ၎င်းတို့သည်ထိုအလောင်းကို ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် မိသားစုများထံသို့ ပြန်လည်ပို့ဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရိုက်နှက်ခံရမှုကြောင့် ရရှိသောထိခိုက်ဒဏ်ရာအားကုသရန်အတွက် ဝင်းသူကိုဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ဤအစီရင်ခံစာရေးသားချိန်တွင် ပြစ်မှုကျူးလွန်သူ အား မည်သို့သောအရေးယူမှုနှင့် တရားစီရင်အပြစ်ပေးမှုမျိုး ကို လုပ်ဆောင်နေသည်ကို ရှင်းလင်းစွာမသိရှိရသေးပေ။ သို့သော် အဆိုပါအမှုသည် လက်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လက်ထဲတွင် ရှိနေပါသည်။

စ---၏ဇနီး နော်အ---နှင့် ကလေးနှစ်ယောက်သည် အသက်ရှင် ကျန်ရစ်ခဲ့သည်။ ၎င်း၏ကျန်ရစ်ခဲ့သည့် မိသားစုဝင်များအား DKBA ၏ခေါင်းဆောင်များမှ တစ်ကြိမ်ခေါ်တွေ့ခဲ့ပြီးဖြစ်သော်လည်း မည်သည့်ထောက်ပံ့မှုကိုမှမရရှိပေ။ DKBA ခေါင်းဆောင်များမှ ယခုအချိန်တွင်မအားသေးကြောင်း ၎င်းတို့ကိုပြောခဲ့သည်။ ထိုမှုခင်းကို ဆောင်ရွက်ဖြေရှင်း၍မပြီးသေးပေ။ ကျေးရွာအုပ်စုမှူးမှလည်း DKBA ခေါင်းဆောင်များနှင့် တစ်ကြိမ်တွေ့ဆုံပြီးဖြစ်ကြောင်းနှင့် DKBA ဘက်မှ ထောက်ပံ့မှုနှင့်ပတ်သက်၍ ပြန်လည်ပြောဆိုခြင်းမရှိကြောင်း KHRG ထံသို့ပြောပြခဲ့သည်။ ထို့ကြောင့်၎င်းသည် ဤကိစ္စနှင့်ပတ်သက်၍ DKBA ခေါင်းဆောင်များနှင့်ထပ်မံတွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ထိုအမှုအား တာဝန်ယူဆောင်ရွက်ပေးနေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှလည်း မည်သည့်သတင်းအချက်အလက်ကိုမျှ မရရှိခဲ့ပေ။

စ---၏မိသားစုမှ ထိုအမှုကိုဆောင်ရွက်ဖြေရှင်းပေးရန် စောင့်ဆိုင်းနေကြသည်။ ၎င်းတို့မှ DKBA ထံမှအထောက်အပံ့များကိုရရှိပြီး အမှုပြီးဆုံးလျှင် ဇနီးဖြစ်သူနှင့်ကျန်ရစ်ခဲ့သောမိသားစုဝင်များသည် အ---ရွာမှထွက်သွားပြီး ၎င်း၏မိသားစုနေထိုင်ရာရွာသို့ ၎င်းတို့၏လုံခြုံရေးအကြောင်းကြောင့် ပြန်၍နေထိုင်သွားမည်ဖြစ်သည်။

# မြေမြှုပ်မိုင်းအန္တရာယ်

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ခရိုင်(၇)ခုအနက် အချို့သော ခရိုင်များတွင် လွှန်ခဲ့သည့် ၂၀၂၀ ခုနှစ်အတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရမှုနှင့် သေကြေပျက်စီးမှုများရှိခဲ့သည်။ ထိုနည်းတူ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီနှင့်မတ်လတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရမှုနှင့်သေဆုံးမှု ဖြစ်ရပ်နှစ်ခုဖြစ်ပွားခဲ့သည်။

## ပထမဖြစ်ရပ်-မြေမြှုပ်မိုင်းပေါက်ကွဲမှု

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ဒူးသထူခရိုင်၊ သထုံမြို့နယ်၊ တမော်ဒေါကျေးရွာအုပ်စု၊ အ---ကျေးရွာတွင်နေထိုင်သောအသက် ၁၂ နှစ်အရွယ်စောဘ---သည် အခြားသောအသက်ကြီးသည့်ရွာသားများနှင့်အတူ ရွာနှင့်သုံးမိုင်ခန့်အကွာဝေးတွင်ရှိသောတောထဲသို့ သေ့တဝေ(တရော်ပင်)အခေါက်များကို သွားရောက်ရှာဖွေနေစဉ် မြေမြှုပ်မိုင်းတစ်လုံးနင်းမိခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် သူ၏ဘယ်ခြေဖမိုးဆုတ်ပြဲသွားပြီး သူ၏ညာခြေထောက်ပေါ်တွင် ဒဏ်ရာများရရှိခဲ့သည်။

မြေမြှုပ်မိုင်းပေါက်ကွဲပြီးနောက်တွင် ရွာသားများကငင်းအား ကျေးရွာသို့ပြန်သယ်လာခဲ့သည်။ ထိုတစ်နေ့တွင်ပင် စောဘ---အား ကရင်အမျိုးသားအစည်းအရုံး(KNU) သထုံခရိုင်ရုံးတွင်ရှိသည့် ကရင်လူမှုဖူလုံရေးနှင့်ကျန်းမာရေးဌာန(KDHW)၏ ဆေးခန်းသို့ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့ကြပါသည်။ သူသည် ဆေးခန်းတွင် သုံးပတ်ကြာဆေးကုသမှုခံယူပြီးနောက်တွင် ဆေးခန်းမှဆင်းပြီး ၎င်း၏ရွာသို့ပြန်လည်ရောက်ရှိခဲ့သည်။ စောဘ---သည် မိဘမဲ့ကလေးတစ်ဦးဖြစ်သည် (အမေဖြစ်သူမှာကွယ်လွန်သွားပြီး အဖေဖြစ်သူသည် ၎င်းအားပစ်ထားခဲ့ခြင်းဖြစ်သည်)။ ယခုအချိန်တွင် စောဘ---သည် သူ၏အဒေါ်မုဆိုးမနှင့်အတူ နေထိုင်နေသည်။ သို့သော် သူ၏အဒေါ်သည်လည်း စားဝတ်နေရေးအခက်အခဲများနှင့် ရုန်းကန်နေရသူဖြစ်သည်။ စောဘ---သည် ဆေးဖိုးဝါးခနှင့် ဆေးကုသမှုကုန်ကျစရိတ်အတွက် ပိုက်ဆံပေးစရာမလိုခဲ့ပေ။ ထို့အပြင်သူသည် ဒေသခံရွာသားများ၊ မြို့နယ်ခေါင်းဆောင်များနှင့် KWO တို့ထံမှ ငွေကြေးဆိုင်ရာအထောက်အပံ့များ ရရှိခဲ့သည်။ သူသည်ထောက်ပံ့ကြေးငွေစုစုပေါင်း အားလုံး ၃၅၀၀၀၀ ကျပ်လက်ခံရရှိခဲ့သည်။

စောဘ---၏အဒေါ်သည် ၎င်းအားဆေးခန်းသို့ပြန်လည်ပို့ဆောင်ရန်အခက်အခဲများရှိသည့်အတွက် KNU ကျန်းမာရေးဝန်ထမ်းများသည် စောဘ---၏ကျန်းမာရေးအခြေအနေကိုစောင့်ကြည့်ရန်အတွက် အ---ကျေးရွာသို့ ပုံမှန်လာရောက်ကြပါသည်။ ၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် KHRG မှလက်ခံရရှိသည့်သတင်းအချက်အလက်အရ စောဘ---သည် ပုံမှန်အခြေနေထိ ပြန်လည်ကောင်းမွန်လာပြီးဖြစ်သည်။

စောဘ---နင်းမိခဲ့သည့် မြေမြှုပ်မိုင်းတစ်လုံးကို တပ်မဟာ(၁) KNLA တပ်ရင်းအမှတ်(၂)နှင့် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း(KNDO)တို့မှ ထောင်ထားခဲ့ခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် KNLA မှ တောထဲတွင်မြေမြှုပ်မိုင်းများထောင်ထားမည်ဖြစ်ကြောင်း ဒေသခံရွာသားများထံ သို့ အကြောင်းကြားအသိပေးခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ညနေပိုင်းနှင့် ၈ ရက်နေ့မနက်ပိုင်းတွင်လည်း KNLA စစ်သားများမှဒေသခံများအား ထပ်မံအကြောင်းကြားခဲ့သည်။

၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလကုန်ခါအနီးအချိန်တွင် တပ်မတော်မှ

မူတြော်ခရိုင်ရှိဒေသများတွင် ၎င်းတို့စစ်အင်အားများပို၍သယ်ယူပို့ဆောင်ခြင်းနှင့် စစ်လှုပ်ရှားမှုများကိုပို၍တိုးချဲ့လုပ်ဆောင်လာခြင်းကြောင့် KNLA စစ်သားများနှင့် မကြာခဏတိုက်ပွဲများဖြစ်ပွားခဲ့သည်။ တပ်မတော်၏စစ်ရေးလှုပ်ရှားမှုများသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)၏ အပိုင်း(၅)(ဂ)အား ချိုးဖောက်ရာရောက်သည်။ အပိုင်း(၅)(ဂ)တွင် ဖော်ပြထားသည်မှာ NCA အဖွဲ့ဝင်များအား "အပစ်ရပ်နယ်မြေတွင် လိုအပ်သောအုပ်ချုပ်မှုထောက်ပံ့ရေးမှလွဲ၍ တပ်အင်အားဖြည့်တင်းခြင်းများမပြုလုပ်ရန်" တားမြစ်ထားပါသည်။

တပ်မတော်စစ်ရေးလှုပ်ရှားမှုများ များပြားလာခြင်းကြောင့် တပ်မဟာ(၁) KNLA တပ်ရင်းအမှတ်(၂)မှ တစ်ချို့သောဒေသများတွင် တပ်မတော်မှ သွားလာလှုပ်ရှားခြင်းအားတားမြစ်ရန်အတွက် မြေမြှုပ်မိုင်းများအား ထောင်ထားခဲ့ခြင်းဖြစ်သည်။ KHRG သတင်းစုဆောင်းသူတစ်ဦးမှ၏တင်ပြချက်အရ တပ်မတော်စစ်သားများသည် မြေမြှုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာတစ်ဝိုက်တွင်အမြဲကထား၍ ကျင်လည်လှုပ်ရှားနေကြသည်။ မြေမြှုပ်မိုင်းအသစ်များ အသုံးပြုထောင်ထားခြင်းသည် NCA စာချုပ်၏အပိုင်း(၅)(က)နှင့် လက်နက်ကိုင်တပ်ဖွဲ့နှစ်ဦးနှစ်ဖက်လိုက်နာစောင့်ထိန်းရမည့် သဘောတူစာချုပ်တွင်ပါရှိသည့်အပိုင်း(၈)(က)တို့အား ချိုးဖောက်ခြင်းဖြစ်သည်။

## ဒုတိယဖြစ်ရပ်-မြေမြှုပ်မိုင်းပေါက်ကွဲမှု

၂၀၂၁ ခုနှစ်၊ မတ်လ၁ရက်နေ့တွင် အသက် ၂၄ နှစ်အရွယ်ရှိစောအယ်သယူစိုးနှင့် အသက် ၁၉ နှစ်အရွယ်ရှိနော်မူးဖဖေါတို့သည် မိုင်းတစ်လုံးပေါက်ကွဲထိမှန်ကာ ကွယ်လွန်ခဲ့ပါသည်။ ၎င်းတို့နှစ်ဦးလုံးသည် မူသယ်ကျေးရွာ၊ ခဲကာခိုကျေးရွာအုပ်စု၊ လယ်ဒို(ကျောက်ကြီး)မြို့နယ်၊ ခလယ်လွီထူ(ညောင်လေးပင်)ခရိုင်တွင် နေထိုင်ကြသည်။ သူတို့သည် လယ်ဒိုမြို့သို့၎င်းတို့၏ဆိုင်အတွက် ကုန်ပစ္စည်းများကိုသွားရောက်ဝယ်ယူစဉ် မြေမြှုပ်မိုင်းအားနင်းမိ၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မြို့ထဲသို့ဈေးသွားဝယ်ရန် တစ်ရွာတည်းနေအသက် ၁၈ နှစ်အရွယ်ရှိသည့်စောထ---လည်း ၎င်းတို့နှင့်အတူ လိုက်သွားခဲ့သည်။

ထိုနေ့နံနက် ၇း၃၀ မိနစ်ခန့်တွင် ၎င်းတို့စီးလာသောဆိုင်ကယ်မှာ မူသယ်ကျေးရွာနှင့် သုံးမိုင်ခန့်အကွာအဝေးတွင်ရှိသည့် ဒိုခိုဝါးကလိုးနေရာ၌ မြေမြှုပ်မိုင်းတစ်လုံးအားနင်းမိသွားခဲ့သည်။ အခင်းဖြစ်ပွားသည့်နေရာ၌ စောအယ်သယူစိုးနှင့်နော်မူးဖဖေါနှစ်ဦးလုံး ချက်ချင်းကွယ်လွန်သွားခဲ့ကြသည်။ စော ထ---မှာမူ အခြားဆိုင်ကယ်တစ်စီးဖြင့်လိုက်သွားခဲ့ပြီး မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် မိုင်းအစအနများသည်၎င်း၏နှုတ်ခမ်းနှင့်ခြေထောက်တို့တွင် အနည်းငယ်ဒဏ်ရာရရှိခဲ့သည်။ စောထ---သည် ရွာသို့ချက်ချင်းပြန်၍ အခင်းဖြစ်ပွားမှုအားဒေသခံအာဏာပိုင်များနှင့် ကွယ်လွန်သွားသည့်သူများ၏မိသားစုဝင်များထံသို့ အကြောင်းပြန်ကြားခဲ့သည်။ ထို့နောက် ၎င်းတို့မှ အခင်းဖြစ်ပွားသည့်နေရာသို့သွားရောက်ကာ ကွယ်လွန်သွားသူနှစ်ဦး၏ရုပ်အလောင်းအား ကျေးရွာသို့ပြန်သယ်လာခဲ့ကြသည်။

ထိုနေရာတွင်မြေမြှုပ်မိုင်းပေါက်ကွဲမှုသည် ပထမဆုံးအကြိမ်ပေါက်ကွဲခဲ့ခြင်းမဟုတ်ပေ။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မူသယ်ကျေးရွာမှ ရွာသားတစ်ဦးသည် ယခုမြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၏ အရှေ့ဖက်အနည်းငယ်အကွာအဝေးရှိနေရာ၌ မြေမြှုပ်မိုင်းတစ်လုံးအားတက်နင်းမိ၍ ပေါက်ကွဲမှုကြောင့် ၎င်း၏လက်နှင့်ခြေထောက်တွင် အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့ဖူးသည်။ နော်မူးဖဖေါ၏အဒေါ်ဖြစ်သူ နော်ဖ---၏တင်ပြချက်အရ အဆိုပါအမျိုးသားမှာ ဆိုင်ကယ်ပေါ် သို့တင်လာသောကုန်ပစ္စည်းများကြောင့် မြေမြှုပ်မိုင်းပေါက်ကွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာ မရရှိခဲ့ပေ။

ဒေသခံကရင်အမျိုးသားအစည်းအရုံး(KNU) အာဏာပိုင်များ မှ မူသယ်ကျေးရွာနှင့်အနီးတဝိုက်နေရာများတွင် မြေမြှုပ်မိုင်းများရှိနေခြင်းကြောင့် ရွာ၏အနောက်ဖက်ခြမ်းရှိလမ်းကိုအသုံးမပြုကြရန် ရွာသားများအားအသိပေးခဲ့သည်။ မူသယ်တွင်နေထိုင်ကြသည့်ရွာသားများမှာ မြေမြှုပ်မိုင်းများအား မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းများမှ ထောင်ထားကြောင်းမသိရှိကြပါ။ မြေမြှုပ်မိုင်းများမှာ ယခင် KNLA နှင့်တပ်မတော်စစ်သားများကြားတိုက်ပွဲဖြစ်ပွားချိန်၌ ထောင်ထားခဲ့ခြင်းဖြစ်ပုံရသည်။ ထိုသို့အသိပေးခံရပြီးသည့်နောက်ပိုင်းတွင် ရွာသားများသည် အဆိုပါလမ်းကိုအသုံးမပြုကြတော့ပေ။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် နောက်ဆုံးအကြိမ်အဖြစ် တားမြစ်ထားသောနေရာအားရှောင်ကျဉ်ကြရန် အသိပေးခံရကြသည်။ သို့သော် ရွာသားများမှမြို့ထဲသို့အစားအစာသွားရောက်ဝယ်ယူရာ၌ အခြားလမ်းများရှိသော်လည်း မြို့ထဲသို့သွားရန် ဤလမ်းသည်အနီးဆုံးဖြစ်သဖြင့် ဤလမ်းကိုသာ အများအားဖြင့်အသုံးပြုကြသည်။

နော်ဖ---မှ "မြေမြှုပ်မိုင်းပေါက်ကွဲမှုနှစ်ခါလုံးက အဲဒီနေရာတစ်နေရာထဲမှာပဲဖြစ်ပွားတဲ့အတွက် အခုကျမတို့အဲ့ဒီလမ်းကိုအသုံးမပြုရဲတော့ဘူး။ ကျမတို့တွေ ကျေးရွာအနီးတစ်ဝိုက်နေရာတွေလည်းမသွားရဲတော့ဘူး။ အရမ်းစိုးရိမ်တာပဲ။ အဲ့လမ်းကိုအသုံးမပြုဖို့တားပေမဲ့၊ မြို့ထဲသွားပြီးအစားအစာဝယ်ဖို့လိုအပ်တယ်လေ။ ကျမတို့မသွားဘူးဆိုရင်၊ စားဖို့ဘာမှရှိတော့မှာမဟုတ်ဘူး။ ဒီတစ်ကြိမ်မြေမြှုပ်မိုင်းပေါက်ကွဲမှုလည်းဖြစ်ပြီးရော၊ ရွာသားတွေက ကျေးရွာအနီးအနားတွေမှာ သွားလာဖို့တောင်စိုးရိမ်ကြပြီး မလုံခြုံဘူးလို့ခံစားနေရတယ်။" မူသယ်ကျေးရွာတွင် နေထိုင်ကြသောရွာသားများသည် တောင်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်စားသောက်ကြသည်။ ယခုချိန်တွင် ၎င်းတို့၏တောင်ယာထဲသို့သွားရန်အတွက်ပင် ကြောက်ရွံ့နေကြသည်။

CIDKP မှ ၂၀၀၆ မှ ၂၀၂၀ ခုနှစ်များတွင် မြေမြှုပ်မိုင်းအန္တရာယ်

အသိပညာပေးသင်တန်းများကို ဒေသခံရွာသားများအားပို့ချပေးခဲ့ပါသည်။ အိမ်ထောင်စုတစ်စုစီမှ ဤသင်တန်းအားတက်ရောက်ရန်အတွက် မိသားစုဝင်တစ်ဦးစီကိုသွားတက်စေပြီး ၎င်းတို့မှသင်ယူခဲ့သည့်အရာများကို မိသားစုထံသို့ပြန်လည်မျှဝေပေးကြသည်။ ထို့ကြောင့်ရွာသားအများစုတို့သည် မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့်လက်နက်ခဲယမ်းတို့၏ အန္တရာယ်ကိုသိရှိကြပြီး မိမိတို့ကိုယ်ကိုမည်ကဲ့သို့ကာကွယ်ရမည်ကို သိရှိကြပါသည်။

ရွာသားများမှ ကျေးရွာအနီးအနားတစ်ဝိုက်တွင် မြေမြှုပ်မိုင်းများရှိကြောင်း အသိပေးခံရကြသော်လည်း သက်ဆိုင်ရာအာဏာပိုင်များမှ မြေမြှုပ်မိုင်းလာရောက်ဖယ်ရှားပစ်ခြင်းနှင့်ပတ်သက်၍ တစ်ခါမျှမကြားဖူးခဲ့ပေ။ ကျေးရွာအနီးအနားတစ်ဝိုက်တွင် မြေမြှုပ်မိုင်းများရှိနေခြင်းနှင့်ပတ်သက်၍ နော်ဖ---မှ ယခုကဲ့သို့ပြောပြခဲ့သည်။ "ဒီနေရာဒေသတစ်ဝိုက် မြေမြှုပ်မိုင်းတွေအများကြီးရှိဦးမယ်လို့ ကျမထင်တယ်။ ရွာသားတွေရဲ့အိမ်မွေးတိရိစ္ဆာန်တွေနဲ့ ရွာသားတွေမြေမြှုပ်မိုင်းပေါက်ကွဲလို့ ဒဏ်ရာရတာတွေရှိတယ်။ ဒီထောင်ထားတဲ့မြေမြှုပ်မိုင်းတွေကို ရှင်းလင်းသင့်တယ်လို့ကျမထင်တယ်၊ အဲ့လိုရှင်းလင်းမှပဲ မြေမြှုပ်မိုင်းပေါက်ကွဲမှုအတွက် စိုးရိမ်ဖို့မလိုတော့မှာ။ ဒီမှာနေတဲ့ရွာသားတွေကမြို့ပေါ်တက်ပြီး အစားအစာသွားဝယ်ကြတယ်။ အစားအစာသွားဝယ်လို့မရဘူးဆိုရင် ကျမတို့တွေဘယ်လိုအသက်ရှင်ရမလဲ။ ကမ္ဘာပေါ်မှာနေရတဲ့အသက်တာက တိုတယ်လေ။ အတိတ်ကတော့အတိတ်ပေ့ါ။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုတဲ့ကာလမှာဘိုးဘေးတွေဆီကနေရထားတဲ့ အမွေမြေတွေမှာ လုပ်ကိုင်စားသောက်ချင်သေးတယ်။ အခုလိုအခြေအနေမျိုးမှာနေရတာ ကျမတို့ရဲ့ဘဝတိုးတက်မှုလည်းမရှိဘူး။ ဒါကစိတ်ပျက်စရာပဲ။"

ယခုသေဆုံးခဲ့သူနှစ်ဦး၏မိသားစုဝင်များမှ ၎င်းတို့၏ဝမ်းနည်းပူဆွေးမှုသက်သာစေရန်အတွက် နှစ်သိမ့်အားပေးမှုလိုအပ်နေသည်။ သ---ကျေးရွာအနီးတွင် အခြေစိုက်သည့် တပ်မတော်ခြေလျင်တပ်ရင်းအမှတ်#၉၂ တပ်ရင်းမှူးထိန်လင်းကျော်မှ သေဆုံးသူများ၏မိသားစုဝင်များနှင့်ထပ်တူ ဝမ်းနည်းမိကြောင်းပြသခဲ့ခြင်းအပြင် နှစ်သိမ့်အားပေးခဲ့ကြသည်။ ထို့ပြင် ဆန်နှစ်အိတ်နှင့် ပဲတစ်အိတ်ကိုလှူဒါန်းခဲ့သည်။ သို့သော် သေဆုံးသွားသောသူတို့၏မိသားစုဝင်များမှ အခြားနိုင်ငံများတွင်ရှိသောဆွေမျိုးများပို့ပေးသော ငွေကြေးအထောက်အပံ့များမှလွဲ၍ မည်သည့်ထောက်ပံ့မှုများကိုမျှ မရရှိကြပါ။

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နေရာဒေသများတွင် မြေမြှုပ်မိုင်းအများအပြားရှိနေခြင်းသည် ကျေးလက်နေပြည်သူများအထူးသဖြင့် တောင်ယာ၊ လယ်လုပ်ငန်းများကိုမှီခို၍ အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ရွာသားများအတွက် အလွန်စိုးရိမ်ဖွယ်ဖြစ်စေသည်။ ထို့အပြင် ၎င်းတို့၏အိမ်မွေးတိရိစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွားနှင့် ဆိတ်တို့များမှာလည်း မြေမြှုပ်မိုင်းနင်းမိ၍ ထိခိုက်ဒဏ်ရာရသေဆုံးခြင်းများလည်းရှိသည်။ ဤကဲ့သို့သောမြေမြှုပ်မိုင်းအန္တရာယ်ရှိသည့်ဒေသများတွင် နေထိုင်ရခြင်းသည် ကျေးလက်နေရွာသားများအတွက် အလွန်ပင်စိုးရိမ်ဖွယ်ရာဖြစ်စေသည်။

သို့ဖြစ်၍ ထိုမြေမြှုပ်မိုင်းများအား သက်ဆိုင်ရာဒေသခံအာဏာပိုင်များနှင့်အဖွဲ့အစည်းများမှ ရှင်းလင်းပေးရန်အတွက် ရွာသားများမျော်လင့်နေကြသည်။ သို့မှသာ ၎င်းတို့၏တောင်ယာနှင့်လယ်ယာလုပ်ငန်းများတွင် ဘေးကင်းလုံခြုံစွာ လုပ်ကိုင်စားသောက်နိုင်မည်ဖြစ်သည်။



# အဓမ္မလုပ်အားပေးခိုင်းစေခြင်း

ဘူးသိုမြို့နယ်တွင် BGF စစ်သားများမှ ရွာသားများအား အတင်းအဓမ္မခိုင်းစေခြင်း

လက်နက်ကိုင်များကြား ဆက်လက်ဖြစ်ပွားနေသောတိုက်ပွဲများ နှင့် စစ်ရေးတိုးချဲ့လုပ်ဆောင်မှုများသည် ကျေးလက်နေပြည်သူ လူထုများအတွက် စိုးရိမ်ကြောက်ကြမှုကို ဖြစ်စေသည့်အပြင် စစ်ရေးတိုးချဲ့လုပ်ဆောင်မှုများကြောင့် ကျေးလက်နေရွာသူရွာ သားများအား အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း ဖြစ်ရပ် များလည်းတွေ့ရပါသည်။

၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် BGF တပ်ရင်းအမှတ် ၁၀၁၄ မှ မ---နှင့် ဒ---ကျေးရွာရှိ ရွာသူ ရွာသားများအား လ---ကျေးရွာရှိ ၎င်းတို့၏ လ---စခန်းသစ် ကိုဆောက်လုပ်ရန်အတွက် အမိန့်ပေးခိုင်းစေခဲ့သည်။ BGF တပ်ရင်းအမှတ် ၁၀၁၄ သည် တပ်ရင်းမှူးဗိုလ်မောင်ချစ်၏ အုပ်ချုပ်မှုအောက်တွင် ရှိပါသည်။ BGF စစ်သားများနှင့် ၎င်းတို့ ၏တပ်ရင်းမှူးဗိုလ်မောင်ချစ် အတင်းအဓမ္မလုပ်အားပေးခိုင်းစေ ရာ၌ ကြိုတင်စာရေး၍အကြောင်းကြားခြင်းမရှိသလို အစည်း အဝေးခေါ်ခြင်းတို့လည်း မရှိကြပါ။ BGF စစ်သားများမှ ရွာသား များအား ၎င်းတို့သည် KNU အားကူညီသကဲ့သို့ BGF ကိုပါကူ ညီရမည်ဖြစ်ကြောင်း ပြောပါသည်။

BGF မှ အသစ်ဆောက်လုပ်မည့်စခန်းသည် ဒေသခံရွာသား တစ်ဦး၏ အိမ်ဘေးဖက်ရှိ မြေကွက်တစ်ကွက်တွင်ဖြစ်သည်။ အဆိုပါရွာသားမှ BGF ကိုကြောက်ရွံ့သဖြင့် ၎င်းကိစ္စနှင့်ပတ် သက်၍ တိုင်တန်းခြင်းမလုပ်ရဲပေ။ ယခင် BGF စခန်းဟောင်း သည် ရွာအပြင်ဖက်ဘုန်းကြီးကျောင်းဘေးဖက်တွင်ရှိသဖြင့် ဒေသခံများမှ ဘုန်းကြီးကျောင်းသို့သွားရန်ပင် ကြောက်ရွံ့နေ ခဲ့ကြရသည်။ နောက်ပိုင်းတွင် BGF မှ ၎င်းတို့၏စခန်းအားရွာ ထဲသို့ ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့သော်လည်း ဘုန်းကြီးကျောင်း နှင့်အနီးတွင်သာ ရှိနေဆဲဖြစ်သည်။

၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့မှ ၁၃ ရက်နေ့အထိ ရွာသားစုစုပေါင်း ၁၅၀ ဦးဝန်းကျင်ခန့်သည် BGF စခန်းသစ်ကို ဆောက်လုပ်ခဲ့ကြရသည်။ ပထမတစ်ရက်တွင် ရွာသားလေးဦး မှငါးဦး လုပ်အားပေးသွားကြရပြီး အောက်တိုဘာလ ၄ ရက်နေ့ မှစ၍ တစ်အိမ်လျှင်တစ်ဦးစီသွားကြရသည်။ ရွာသားများသည် နံနက် ၈း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိလုပ်အားပေးခိုင်း စေမှုသွားရသည်။ ရွာသားများသည် နေထိုင်ရန်အဆောက်အဦး လေးဆောင်ဆောက်လုပ်ကြရပြီး စခန်းကိုပါ ခြံစည်းရိုးခတ်ကြ ရပါသည်။ သို့သော် ဆောက်လုပ်ရေးအတွက် လုပ်အားခများကို မရရှိကြပါ။

BGF မှ မ---နှင့် ဒ---ကျေးရွာတွင်နေထိုင်ကြသော ရွာသားများ ထံတွင် သစ်လုံးများနှင့် ဖက်ရွက်များအားတောင်းခဲ့ကြသည်။ ကျေးရွာအတွင်းမှ အိမ်ထောင်စုသုံးစုမှာ ဝါးအလုံးပေါင်း ၁၀၀ ပေးကြရသည်။ ၎င်းကျေးရွာနှစ်ရွာတွင် အိမ်ထောင်စုပေါင်း ၁၅၅ စုဝန်းကျင်ခန့်ရှိပြီး ရွာသားများမှ ဝါးအလုံးပေါင်း ၅၀၀၀ ကိုစုပြီး ၄ နာရီအကွာအဝေးတွင်ရှိသော BGF ၏စခန်းသစ်သို့ ပို့ဆောင်ပေးရသည်။ BGF မှဝါးနှင့်ပို့ဆောင်မှုအတွက် ၁၂၀၀၀ ကျပ်အား ကျေးရွာအာဏာပိုင်များထံသို့ ပေးခဲ့သည်။ ထိုငွေ များအားရွာသားများထံသို့ ပြန်လည်ဝေမျှပေးခဲ့ပြီး ရွာသားများ မှ ၎င်းတို့ရရှိသောပမာဏသည် အနည်းငယ်သာဖြစ်ကြောင်း ညည်းညူကြသည်။

ရွာသားများမှ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုနှင့်ပတ်သက် ၍ ဒေသခံ KNU အာဏာပိုင်များထံသို့ တင်ပြခဲ့ကြသော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ ရွာသားများမှ ၎င်းအဖြစ်အပျက်ကိုရှေ့ ဆက်တိုင်ကြားရန်အတွက် ကြောက်ရွံ့ကြကြောင်း KHRG ထံ သို့တင်ပြခဲ့သည်။ BGF စစ်သား(၁၈)ဦးမှ ထိုစခန်းတွင်ထိန်းချုပ် နေထိုင်ကြသည်။ ၎င်းတို့သည် ယာဘ(မြင်းဆေး)နှင့် အရက် များကိုရောင်းချကြသဖြင့် ဒေသခံရွာသားများသည် ၎င်းတို့အား ကြောက်ရွံ့ကြရသည်။

ထို့အတူ BGF စစ်သားများမှ မ---ကျေးရွာရှိ အမျိုးသားများအား ၎င်းတို့၏စခန်းသစ်တစ်ဝိုက်တွင် တူးမြောင်းတူးရန်ခိုင်းစေခဲ့ သည်။ ရွာသားများအား တစ်နေ့တာလုပ်အားခအတွက် ၅၀၀၀ ကျပ်ပေးမည်ဟု ကတိပေးပြီး စုစုပေါင်းငါးရက်ကြာမည်ဟု ပြောပါသည်။ ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ရွာသားများမှစတင်၍ တူးမြောင်းတူးဖော်ခဲ့ကြသည်။ ရွာသား လေးဦးမှငါးဦးတို့သည် နေ့စဉ်တူးမြောင်းတူးဖော်ကြရသည်။ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့အထိ တူးမြောင်းကိုတူးနေ ကြရဆဲဖြစ်သည်။ BGF စစ်သားများမှ အလုပ်ပြီးစီးသည့်အချိန် မှသာ ဒေသခံရွာသားများအား လုပ်အားခကိုပေးမည်ဟု၍ ပြောသည်။ သို့သော်လည်းလုပ်အားခကို ရွာသားများမှ မရရှိခဲ့ ကြပေ။ ၎င်းတို့မှ ထိုငွေကြေးများကို ကျေးရွာတာဝန်ရှိသူများထံ သို့ပေးကာ လုပ်အားပေးခဲ့သောရွာသားများအားပြန်ဝေရန်ပြော ခဲ့သည်။ သို့သော်ထိုငွေကြေးသည် ရွာသူရွာသားများအတွက် မလုံလောက်ပါ။

ဒေသခံရွာသားများသည် လက်နက်ကိုင်တပ်ဖွဲ့များကြား ဖြစ် ပွားသည့်တိုက်ပွဲမှ ဆိုးကျိုးသက်ရောက်မှုများအပြင် အတင်း အဓမ္မစေခိုင်းမှုများကိုပါ ခံစားနေကြရသည်။ ထို့အပြင် လူမ ဆန်စွာနှင့် တရားမမျှတစွာဆက်ဆံခြင်းခံနေရခြင်းသည် ၎င်း တို့၏ရှေ့ဆက်အသက်ရှင်နေထိုင်မှုကို ခြိမ်းခြောက်မှုဖြစ်စေပါ သည်။ ထို့ကြောင့် လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် သာမန် အရပ်သားများအား အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းမျိုး မလုပ်သင့်ကြောင်း ရွာသားများမှတင်ပြကြသည်။